မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၈ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တောင်ပေါ်စံပြလမ်းဖြစ်ရေးကြိုးပမ်း

လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပိုမိုကြံ့ခိုင်ကောင်းမွန်အောင် အထူးဂရုပြုဆောင်ရွက်

နေပြည်တော် မေ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ရက် နံနက်ပိုင်းတွင် ပင်လောင်းမြို့နယ် ကိုးကွေ့ကျေးရွာသို့ရောက်ရှိပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အဖွဲ့ဝင်များနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပျဉ်းမနား-ပင်လောင်းလမ်း အဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်း(ကိုးကွေ့) ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးက ပျဉ်းမနား - ပင်လောင်းလမ်း (ကင်းသာ - ကိုးကွေ့ - ယင်းမီး) လမ်းပိုင်း မိုင်တိုင်အလိုက် ပေ ၂၀ အကျယ် ကျောက်ချောလမ်းခင်းခြင်း၊ ၁၈ပေအကျယ် ကတ္တရာခင်းခြင်း၊ တံတားများနှင့် ရေပြွန်များ တည်ဆောက်ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်းနှင့် ကျောက်ရိုးစီ ရေနုတ်မြောင်း ဖောက်လုပ်ခြင်း

စာမျက်နှာ ၃ ကော်လံ ၁ *

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လိန်းလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၁/၂၀၁၀)
၁၃၇၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၇ ရက်)

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၆)၊ ဒေါနလမ်း၊ အမှတ်(ခ/၆/၁၃၇)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီအား ၂၀၁၀ ပြည့်နှစ်၊ မေလ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်

မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၇

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅တွင် အကျုံးဝင်သော ပါတီများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားလျက်ရှိကြရာ ယင်းပါတီများအနက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၇ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၅)ပါတီရှိသည့်အနက် ပါတီ (၄)ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၈ ရက်)

လူမှုကရုဏာအပြည့်ဖြင့် ကူညီစောင့်ရှောက်နေသော ကြက်ခြေနီ

၂၀၁၀ ခုနှစ် မေလ ၈ရက်နေ့ (ယနေ့)သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။

ကြက်ခြေနီသည် လူမျိုးဘာသာ၊ အဆင့်အတန်း၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ လူသားချင်းစာနာစိတ်ဖြင့် စောင့်ရှောက်ကူညီပေးနေသည့် လူမှုကရုဏာအဖွဲ့ကြီး ဖြစ်သည်။

လူသားချင်းစာနာမှုဖြင့် ကရုဏာလုပ်ငန်းများကိုဆောင်ရွက်ကြရန် စိတ်ကူးကာအကြံပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်၏မွေးနေ့ကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ၁၈၅၉ ခုနှစ် အီတလီနိုင်ငံတောင်ပိုင်း လွမ်ဘာဒီဒေသတွင်ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်ပွဲမှ စတင်သန္ဓေတည်ခဲ့သော ကြက်ခြေနီလှုပ်ရှားမှုသည် ယနေ့ဆိုပါလျှင် နှစ်ပေါင်း (၁၅၁)နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ကြက်ခြေနီနေ့ကို လူမှုကရုဏာလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သူ ဟင်နရီဒူးနန့်၏မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ မြင့်မားစွန့်စား ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သည့် စိတ်ဓာတ်ဖြင့် လုပ်အားများကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း ကမ္ဘာ့နိုင်ငံများက ကျင်းပကြခြင်းဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ ''မြို့ပြလူမှုဘဝမြင့်မားရေး၊ လူထုအခြေပြုလုပ်ငန်း ဆောင်ရွက်ပေး'' ဖြစ်သည်။ ယင်းဆောင်ပုဒ်သည် ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးလက်တွဲပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အတူတကွစာနာမှု အသိစိတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရည်ရွယ်ချက်နှင့်အညီ စေတနာ၊ ကရုဏာအပြည့်နှင့် ကူညီဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်း၍ အရန်အင်အားအဖြစ် ဆောင်ရွက်လျက်ရှိသည်။

''မြို့ပြလူမှုဘဝမြင့်မားရေး၊ လူထုအခြေပြုလုပ်ငန်းဆောင်ရွက်ပေး'' ဆောင်ပုဒ်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးမြှင့်တင်ရန်၊ ပြည်သူလူထု၏ ရောဂါဘေးတားဆီးရန်၊ ဘေးဒုက္ခကျရောက်သူများအားကူညီရန်၊ လုပ်ငန်းစဉ်များကို လူသားချင်းစာနာစိတ်ဖြင့် စောင့်ရှောက်ကူညီပေးနေသည့် လူမှုကရုဏာအဖွဲ့ကြီးဖြစ်ပါကြောင်း ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	ကာတွန်းအစီအစဉ် **အမြွှာစုံထောက်**
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တယော** ဟိန်းဝေယံ၊ စိုးပြည့်သဇင် (ဒါရိုက်တာ-လွင်မင်း)
၁၃း၃၀	၆။	သာသာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ် ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လှုပ်တစ်ပြက်
၆း၃၀	၁၃။	**စားဖို ဆောင် ချစ်သူ**
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၈)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၃)
	၂၄။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၄)

ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ တာ့ရှ်ကင့်မြို့တွင် မေ ၁ရက်က ကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေး၊ မေ ၂ရက်က ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ သတင်းစာကွန်ဖရင့်နှင့် အရှေ့အာရှ ထိပ်သီးညီလာခံအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ မေ ၃ရက် နှင့် ၄ ရက်တို့တွင် ကျင်းပသည့် (၄၃)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဆွေးနွေးခဲ့

မေ၁ရက်ကကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး၌ အာဆီယံ+၃ နိုင်ငံများ၏ စီးပွားရေးသုံးသပ်မှုနှင့် မူဝါဒဆွေးနွေးမှုများနှင့် အာဆီယံ+၃ နိုင်ငံများ၏ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

မေ ၂ရက်က အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးကိုကျင်းပခဲ့ရာ ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Vu Van Ninh က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မေခရီ စီးပွားရေးနှင့်ဘဏ္ဍာရေးကြီးကြပ်ထိန်းကျောင်းမှုရုံး (MFSO) တည်ထောင်ရေးကိစ္စအပါအဝင် ဒေသတွင်းဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို မေ ၂ရက်က ဆက်လက်ကျင်းပရာ တက်ရောက်လာကြသော ဘဏ္ဍာရေးဝန်ကြီးများက ဒေသတွင်း စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး အစည်းအဝေးမှ သဘောတူညီမှုများကို သတင်းကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။ ၎င်းနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး ဆက်လက်၍ အရှေ့အာရှဒေသ (EAS) အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကိုလည်း ကျင်းပခဲ့သည်။

(၄၃)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲကို မေ ၃ရက် နံနက် ၁၁နာရီက တာ့ရှ်ကင့်မြို့ရှိ International Forums Palace Uzbekistan ၌ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားတွင် ဥဇဘက်ကစ္စတန် သမ္မတနိုင်ငံသမ္မတ H.E. Islam Karimov နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က အမှာစကား ပြောကြားကြသည်။ ဖွင့်ပွဲအပြီး (၄၃)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် အစည်းအဝေးကို တာ့ရှ်ကင့်မြို့ရှိ Uzexpo-centre Hall 2 တွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ အေဒီဘီဥက္ကဋ္ဌ Mr. Haruhiko Kuroda က အာရှဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးသည်။

တင်ပြ

ယင်းနောက်အစည်းအဝေး၌ ဥဇဘက်ကစ္စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးနှင့် တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြကာ အဖွဲ့ဝင်နိုင်ငံများမှ ဂါဗာနာများက နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တင်ပြခဲ့ကြသည်။

(၄၃)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၄ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြခဲ့သည်။

ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြတို့လည်း ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်(၁၂)ရပ်ကွက် သစ္စာရိပ်သာလမ်းနေ မိခင်ကြီး ဒေါ်သက်တင် တစ်လပြည့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီးများကိုယ်စား ဦးထွန်းအောင်က ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ဘဝဆည်းဆာနှင့် ကရုဏာ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၅၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Capital Hypermarket ၏ ဒုတိယအကြိမ်မြောက်ကုသိုလ်ဖြစ် သွေးလှူဒါန်းပွဲ)
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၄)
၈း၃၀	Sports World (Contender Japan)
၈း၅၅	မြို့တော်ရဲ့ လိုအပ်ချက်
၉း၀၀	ညောင်ကန်အေး သာသနာ့ရိပ်သာမှ ကြည်နူးဖွယ်ရာ ဝိဇာတမွေးနေ့မင်္ဂလာ
၉း၁၅	သူဌေးချောင်း၏ ရေအလျင်···· လှုပ်စစ်စွမ်းအား ဂုဏ်အသွင်
၉း၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	ဝါခင်းကုန်း၏ပန်းမွေ့ရာခင်း ပွဲတော်
၁၀း၄၀	သွားမယ်စားမယ် (SHABU-TEI Japanese Restaurant)
၁၁း၁၀	ဖြစ်ထွန်းအောင်မြင်···· စိုက်ပျိုးဥယျာဉ် (စပျစ်)
၁၁း၃၀	**အများထဲက တစ်ယောက်** ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ- မီးပွား)
၁၁း၅၀	စွမ်းအားစုံညီကြက်ခြေနီ
၁၂း၁၀	အပန်းဖြေစရာ မျက်လှည့်ကမ္ဘာ
၁၂း၂၀	သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်) ပဲဆီသန့် ဦးစားပေး
၁၂း၄၅	ညောင်ကန်အေး သာသနာ့ရိပ်သာမှ ကြည်နူးဖွယ်ရာ ဝိဇာတမွေးနေ့ မင်္ဂလာ
၁း၀၀	**ဘဝဆည်းဆာနှင့် ကရုဏာ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Pop Fashion- 3)
၃း၂၀	သူဌေးချောင်း၏ ရေအလျင်···· လှုပ်စစ်စွမ်းအား ဂုဏ်အသွင်
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၄)
၄း၁၀	ဝါခင်းကုန်း၏ ပန်းမွေ့ရာခင်း ပွဲတော်
၄း၃၀	သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
၄း၅၅	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅း၂၀	အပန်းဖြေစရာ မျက်လှည့်ကမ္ဘာ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သွားမယ် စားမယ် (SHABU-TEI Japanese Restaurant)
၆း၄၅	ရန်ကုန်မြင်ကွင်းကျယ် [အထက (၁) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနား]
၇း၀၀	Fashion Music Festival (Pop Fashion-3)
၇း၃၀	ရန်ကုန်မြင်ကွင်းကျယ် (Capital Hypermarket ၏ ဒုတိယအကြိမ်မြောက်ကုသိုလ်ဖြစ် သွေးလှူဒါန်းပွဲ)
၇း၄၅	မြို့တော်ရဲ့ လိုအပ်ချက်
၈း၀၀	MRTV-4 သတင်း
၈း၃၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group ၏ အဆင့်မြင့်အိမ်ရာများ)
၉း၀၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၄)
၁၀း၀၀	ဖြစ်ထွန်းအောင်မြင်···· စိုက်ပျိုးဥယျာဉ် (စပျစ်)
၁၀း၂၀	**အများထဲက တစ်ယောက်** ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မီးပွား)
၁၀း၃၅	ရန်ကုန်မြင်ကွင်းကျယ် [အထက (၁) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနား]
၁၀း၅၅	သန့်ရှင်းသောသွေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ သီတာအောင်)
၁၁း၂၀	နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group ၏ အဆင့်မြင့် အိမ်ရာများ)
၁၁း၅၀	သီးနှံတို့၏ အရင်းအမြစ် **ရေ**
၁၂း၀၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

* ရှေ့ဖုံးမှ

လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်ပေါ်စံပြလမ်းအဖြစ် အသုံးပြုနိုင်ရေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်း ပျဉ်းမနားဘက်ကမ်း ချဉ်းကပ်လမ်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပျဉ်းမနားဘက်ကမ်း ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတား၊ ကြိုးထိန်းခုံနှင့် ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပင်လောင်းဘက်ကမ်း ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတားနှင့် ကြိုးထိန်းခုံလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ပိုမိုကြံ့ခိုင်ကောင်းမွန်အောင် အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အထက်ပေါင်းလောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် ကျေးရွာများနှင့်စပ်လျဉ်းသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားဘက်ကမ်း ချဉ်းကပ်တံတား၊ ကြိုးထိန်းခုံနှင့် ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပင်လောင်းဘက်ကမ်း ချဉ်းကပ်တံတား၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

သမိုင်းအဖြေမှန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါး သုတေသနစာတမ်းဖတ်ပွဲ

ယဉ်ကျေးမှုဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၇

သမိုင်းအဖြေမှန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါး သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲအခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အုန်းကြည်၊ ဦးကျော်၊ ဦးချစ်စံဝင်းနှင့် ဦးကျော်ငြိမ်း၊ ပြင်ပပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဧည့်သည်တော်များ၊ သုတေသနပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက သမိုင်းအဖြေမှန်ဖြစ်သော ဒို့တာဝန်အရေးသုံးပါး သုတေသနစာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ အလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အုန်းကြည်နှင့် ဦးချစ်စံဝင်းတို့က ဆောင်ရွက်ကြသည်။

ဖတ်ကြား

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှက ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅) စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးက ပုဂံခေတ်နှင့် ပုဂံလွန်ခေတ် ပြည်ထောင်စု မပြိုကွဲရေးသို့မဟုတ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအခန်းကဏ္ဍ စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းက မြန်မာနိုင်ငံရေး (၁၉၆၀-၁၉၆၂)နှင့် ဖက်ဒရယ်မူပြဿနာ စာတမ်းကိုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ဝင် ဦးကျော်ငြိမ်းက ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့ခြင်းကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် အနိုင်ယူခြင်းစာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ပြန်လည်ဖြေကြား

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့်စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးကျော်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး၊ အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဌေး၊ သမိုင်းသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထားထားပါနှင့် တက်ရောက်လာကြသောပညာရှင်များ၊ သုတေသီများ၊ ဧည့်သည်တော်များက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး စာတမ်းဖတ်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Brother Printer Product
အသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၇

Brother Printer Product အသစ် မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ ဂျပန်နိုင်ငံအခြေစိုက် Brother Printer အမျိုးမျိုးကို စင်ကာပူနိုင်ငံမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ Alliance Stars Co., Ltd. က Authorize Distributor အနေဖြင့် ဖြန့်ချိနေပြီဖြစ်သည်။ (အပေါ်ပုံ)

လက်မှတ်ရေးထိုး

မိတ်ဆက်ပွဲတွင် Brother International Singapore နှင့် Alliance Stars Co.,Ltd.တို့၏ လုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စာချုပ် ချုပ်ဆိုပွဲ အခမ်းအနားသို့ Brother International Singapore မှ တာဝန်ရှိသူများနှင့် Alliance Stars Co., Ltd. မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။ အခမ်းအနားတွင် Alliance Stars Co., Ltd. မှ တစ်ဆင့် Authorized Dealers အဖြစ် ပြန်လည်ရောင်းချလိုသော ဆိုင်ပေါင်း ၁၂ဆိုင်ကို တရားဝင် Authorized Dealer Certificate များ ပေးအပ်သည်။

ထို့နောက် စာနယ်ဇင်းရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ Brother Printer နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းတွင် ဖွင့်လှစ်ထားသော Show Room နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ Warranty၊ After Sales Service နှင့်စပ်လျဉ်းသော အချက်အလက်များ၊ Marketing နှင့်စပ်လျဉ်းသော Plan & Strategies များကို Product Manager ဦးဇော်လင်းထိုက်က ရှင်းလင်း ပြောကြားသည်။

တင်ပို့ဖြန့်ချိ

ဂျပန်နိုင်ငံတွင် အောင်မြင်ကျော်ကြားသော Brother Printer နှင့် Product အမျိုးမျိုးသည် နိုင်ငံတကာ စံချိန်ပြည့်မီစွာဖြင့် ထုတ်လုပ်ထားပြီး ယခုဆိုလျှင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ဖြန့်ချိလျက်ရှိသည်။ ယနေ့ ကျင်းပသော မိတ်ဆက်ပွဲတွင် World Wide First ဖြစ်သော A3 Inkjet (print, scan, cop, fax) ပြုလုပ်၍ရသော Printer များ၊ Laser နည်းပညာကို ကျော်လွန်၍ New Technology ဖြစ်သော LED Color Printer များ၊ Stand Alone သို့မဟုတ် ကွန်ပျူတာနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်သော Labeller Printer များ၊ Barcode Quality ကို အပြည့်အဝထုတ်လုပ်ပေးနိုင်သော Barcode Printer များကို မေ ၁ရက်မှ ဇူလိုင်လကုန်အထိ Special Promotion ကာလအဖြစ် သတ်မှတ်ရောင်းချပေးလျက်ရှိကြောင်းနှင့် Warranty ကိုလည်း တစ်နှစ်ရရှိမည်ဖြစ်ပြီး Part နှင့် Service ပါ ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

Brother Printer & Product များကို လက်လီလက်ကား ဝယ်ယူလိုသူများသည် Alliance Stars Co., Ltd. ၅၁လမ်း (အလယ်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၅၆၆၀၊ ၂၉၆၈၃၆၊ ၃၉၇၈၃၃ ရှိ ရုံးချုပ်နှင့် ဗိုလ်အောင်ကျော်လမ်း အပေါ်ဘက်ရှိ Show Room, Sales & Service Center၊ ဖုန်း -၃၈၈၃၃၉၊ ၃၇၉၀၀၁ နှင့် Hot Line (24 hours Service) အတွက် ဖုန်း-၀၉-၅၁၁၁၃၀၉ကို ဆက်သွယ်နိုင်ပြီး တရားဝင် Reseller ဆိုင်များတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် **Dissemination Workshop on a Draft Report Assessment of Utilization of Emergency Obstetric Care in Myanmar** အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Dissemination Workshop on a Draft Report Assessment of Utilization of Emergency Obstetric Care in Myanmar အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြန်လည်သုံးသပ်

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် အရေးပေါ်သားဖွားစောင့်ရှောက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များကိုတင်ပြပြီး အဆိုပါတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် နှစ်စဉ်အမျိုးသမီး ၁ ဒသမ ၃ သန်းခန့်သည် ကလေးမွေးဖွားနေကြကြောင်း၊ မွေးဖွားမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ အရေးပေါ်သားဖွားစောင့်ရှောက်မှုခံယူရန် လိုအပ်ပါက အရေးပေါ် သားဖွားစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများသည် ကျေးလက်ဒေသအောက်ခြေအထိ ရရှိရန် လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် လိုအပ်သော သင်တန်းများပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ပြည့်စုံမှု၊ လူအင်အား ပြည့်စုံမှုများလည်း လိုအပ်ကြောင်း၊ တစ်ဖန် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် အမူအကျင့်သည်လည်း အရေးပါကြောင်း၊ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်လာပါကလည်း အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် ညွှန်းပို့စနစ်ကိုလည်း ထူထောင်ရန်လိုအပ်ကြောင်း၊ ရာခိုင်နှုန်းပြည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း ရရှိရမည်ဖြစ်ကြောင်း၊ မိခင်သေဆုံးမှုနှုန်း ကျဆင်းရေးအတွက် အဟန့်အတားဖြစ်နေသည့် အတားအဆီးများကို ကျော်လွှားနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖတ်ကြား

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာမြင့်မြင့်သန်းက အရေးပေါ် သားဖွားစောင့်ရှောက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ ဒေါက်တာကျော်ဦး၊ ဒေါက်တာသဲမောင်မောင်နှင့် ဒေါက်တာပိုးပိုးအောင်တို့က သုတေသနဆိုင်ရာတွေ့ရှိချက်များကိုလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားကြကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ ပြည်နယ်/တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးတက္ကသိုလ်များမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲအတွင်း ပါဝင်ခင်းကျင်းပြသသည့် မလေးရှားပန်းချီပြခန်းကို မေ ၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တရုတ်သမ္မတဟူနှင့်ရုရှားသမ္မတမက်ဗီဒက်ဗ် နိုင်ငံတကာနှင့်ဒေသတွင်းအရေးကိစ္စ အမြင်ချင်းဖလှယ်

ပေကျင်း မေ ၇

တရုတ်သမ္မတဟူကျင်ထောင်းသည် ရုရှားနိုင်ငံသို့ သွားရောက်သည့် နှစ်ရက်တာခရီးစဉ်အတွင်း မေ ၈ရက်၌ မော်စကိုမြို့တွင် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်၊ ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတကာနှင့်ဒေသတွင်းအရေးကိစ္စများကို အမြင်ချင်းဖလှယ်မည်ဖြစ်ပြီး အီရန်နိုင်ငံ၏ နျူကလီးယားအရေးကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ချောင်ကူပင်းက မေ ၆ ရက်တွင် ပြောကြားသည်။

တိုက်တွန်း

တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့သည် အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ သဘောထားချင်း တူညီသည်ဟုလည်း ၎င်းက ရှင်းလင်းပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ ပြတ်သားစွာ အရေးယူပိတ်ပင်ရေးတွင် တုံ့ဆိုင်းနေပြီး သံတမန်နည်းအရ ဖြေရှင်းရန် တိုက်တွန်းခဲ့သည်။

(အင်တာနက်)

တရုတ်သမ္မတဟူကျင်ထောင်း

အမေရိကန်မောင်းသူမဲ့လေယာဉ်များ ပါကစ္စတန်၌ ကျယ်ပြန့်စွာ အသုံးပြုမည်

အစ္စလမ္မာဘတ် မေ ၇

အရပ်သားသေဆုံးမှု များပြားလာသဖြင့် ပါကစ္စတန်နိုင်ငံသူနိုင်ငံသားများက မကျေမနပ်ဖြစ်နေသည့်ကြားမှ ပါကစ္စတန်နိုင်ငံရှိပစ်မှတ်များအား မောင်းသူမဲ့လေယာဉ်သုံး ဒုံးကျည်များဖြင့် ပိုမိုထိရောက်စွာ ပစ်ခတ်ခွင့်အာဏာကို စီအိုင်အေကရရှိထားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၆ ရက်က ဖော်ပြထားသည်။

အသုံးပြု

အမေရိကန်က ပါကစ္စတန်ရှိလူမျိုးစုနေထိုင်ရာ ဒေသများတွင် မောင်းသူမဲ့လေယာဉ်ကို တွင်ကျယ်စွာ အသုံးပြုမည်ဟု အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပစ်မှတ်များတွင် စစ်သွေးကြွများပါဝင်သည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။ အမေရိကန်မောင်းသူမဲ့လေယာဉ်ကို သမ္မတဟောင်း ဂျော့ချ်ဘုရှ်လက်ထက်က စတင်အသုံးပြုခဲ့ပြီး သမ္မတအိုဘားမားလက်ထက်တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆိုမာလီ ပင်လယ်ဓားပြများ ရေနံတင်သင်္ဘောတစ်စင်းကို အပိုင်စီးထား

မော်စကို မေ ၇

သင်္ဘောသား ၂၃ဦးလိုက်ပါလာသည့် လိုက်ဘေးရီးယားအလံတင် ရေနံသင်္ဘောတစ်စင်း အေဒင်ပင်လယ်ကွေ့တွင် ဆိုမာလီဓားပြများ၏ အပိုင်စီးမှုကိုခံရကြောင်း ဥရောပသမဂ္ဂ(အီးယူ)ပင်လယ်ဓားပြတိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

ပြောကြား

အမေရိကန်ဒေါ်လာ သန်း၅၀တန်ဖိုးရှိ ရေနံစိမ်းတန်ချိန် ၈၆၀၀၀ တင်ဆောင်လာသည့် ရေနံတင်သင်္ဘောပေါ်သို့ မောင်းပြန်သေနတ်များ ကိုင်ဆောင်လာသည့် ဆိုမာလီပင်လယ်ဓားပြများ တက်ရောက် အပိုင်စီးခဲ့သည်ဟု အီးယူရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဂျွန်ဟာဘာက ပြောကြားသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် တရုတ်နိုင်ငံသို့ မောင်းနှင်လာစဉ် ဆိုမာလီကမ်းလွန်တစ်နေရာ၌ ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုကို ခံရခြင်းဖြစ်သည်ဟု သင်္ဘောပိုင်ရှင်က ပြောကြားသည်။

ကျန်းမာရေး

သင်္ဘောသားအားလုံး ကျန်းမာရေးကောင်းမွန်သည်ဟု ယူဆရကြောင်း ကြေညာချက်အရ သိရသည်။

(အင်တာနက်)

ယီမင်နိုင်ငံ ဆာနားမြို့၌ မိုးသည်းထန်ကာ ရေလွှမ်းသဖြင့် မော်တော်ယာဉ်များ မျောပါတိမ်းမှောက်နေသည်ကို မေ ၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဂျပန်လေကြောင်းလိုင်း လုပ်ငန်းပမာဏ လျှော့ချတော့မည်

တိုကျို မေ ၇

ဂျပန်လေကြောင်းလိုင်း (ဂျေအေအယ်လ်)က ယင်း၏ လုပ်ငန်းများလျှော့ချရေးအစီအစဉ်အရ နိုင်ငံတကာလေကြောင်းခရီး ၁၅ခုကို လျှော့ချပြီး ပြည်တွင်းလေကြောင်းခရီး ၃၀ကို ခေတ္တရပ်ဆိုင်းထားမည်ဟု လေကြောင်းအာဏာပိုင်အဖွဲ့က မေ ၅ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၀၈ခုနှစ် အခြေအနေထက် ယခုနှစ်အတွင်း ပြည်ပခရီးသည် ၄၀ရာခိုင်နှုန်းနှင့် ပြည်တွင်းခရီးသည် ၃၀ရာခိုင်နှုန်း လျော့နည်းသွားမည်ဟု ဂျေအေအယ်လ်အဖွဲ့က မျှော်မှန်းထားသည်ဟုဆိုသည်။

ဂျပန်လေကြောင်းလိုင်းသည် ယခုနှစ် ဇန်နဝါရီတွင် ဒေဝါလီလျှောက်ထားပြီးနောက် ပြုပြင်ပြောင်းလဲမှုများလုပ်ရသည်။ ပြည်ပလေကြောင်းခရီး ၁၁ခုနှင့် ပြည်တွင်းခရီးရှစ်ခုတို့ ပိတ်ပစ်တော့မည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ပီရူး၌ လျှင်ပြင်းလှုပ် နေအိမ်များပြိုကျပျက်စီး ၁၁ဦးဒဏ်ရာရ

လီမာ မေ ၇

ချီလီနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ပီရူးနိုင်ငံ တက်နာဒေသတွင် မေ ၅ရက် ညပိုင်းက အင်အား ၆ဒသမ၅ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ၁၁ဦးဒဏ်ရာရရှိသည်ဟု ပီရူးအမျိုးသား အရပ်ဘက်ကာကွယ်ရေးဌာနက မေ ၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကနဦးသတင်းများအရ အဆိုပါငလျင်ကြောင့် ရေပေးဝေရေးစနစ်ပြတ်တောက်မှုနှင့်တယ်လီဖုန်းဆက်သွယ်ရေးလိုင်း ပြတ်တောက်မှုတို့ဖြစ်ပွားခဲ့ရကြောင်း၊ အဆိုပါ ပြတ်တောက်မှုများကို မေ ၆ရက်က ပြန်လည်ပြုပြင်ပြီးဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ရှင်းလင်းဆောင်ရွက်

ငလျင်ကြောင့် တက်နာမြို့နှင့် လိုကမ်ဘာမြို့ဆက်သွယ်ထားသော အဝေးပြေးလမ်း အပါအဝင် နေရာအတော်များများ၌ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ရှင်းလင်းရေးဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

ပြိုကျပျက်စီး

ထို့ပြင် ကော့စတာဗာဒီဒေသနှင့် ဆန်အန်တိုနီရိုမြို့တို့၌လည်း နေအိမ်များ ပြိုကျပျက်စီးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူအင်န်အက်စကက် ပုံမှန်အစည်းအဝေး တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည်

ဆိုးလ် မေ ၇

အာရှ-ပစိဖိတ်ဒေသနှင့် ကုလသမဂ္ဂဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (ယူအင်န်အက်စကက်) အဖွဲ့ ပုံမှန်အစည်းအဝေးကို လာမည့်သီတင်းပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားကြောင်း အစိုးရအဖွဲ့က မေ ၆ ရက်၌ တရားဝင် ကြေညာသည်။

ကျင်းပ

အဆိုပါအစည်းအဝေးတွင် နိုင်ငံပေါင်း ၆၂နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ် ၂၀၀ခန့် တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနောက်ဘက် ဆန်ဒူးမြို့၌ မေ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပသွားရန် စီစဉ်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့ အဝေးပြေးလမ်းမပေါ်၌ ကုန်တင်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် မီးလောင်သဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေသည်ကို မေ၇ရက်က တွေ့ရစဉ်။ (အဆိုပါဖြစ်စဉ်အတွင်း ယာဉ်မောင်းနှစ်ဦးစလုံးသေဆုံးခဲ့ရသည်။)

(အင်တာနက်ဓာတ်ပုံ)

သုံးနိုင်ငံ ကုန်သွယ်ရေးဇုန် ထူထောင်မည်

ဆိုးလ် မေ ၇

တရုတ်၊ဂျပန်နှင့်တောင်ကိုရီးယားအစိုးရတို့သည် သုံးနိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်(အက်ဖ်တီအေ)ထူထောင်ရေးအတွက် ပူးတွဲသုတေသနလုပ်ငန်းကို မေ ၆ရက်က စတင်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပူးတွဲသုတေသနလုပ်ငန်းဆိုင်ရာ ပထမအကြိမ် အစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မေ ၆ရက်က စတင်ကျင်းပသည်။ ၂၀၁၀ ခုနှစ်အတွင်း သုံးနိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးမတိုင်မီ ပူးတွဲသုတေသနလုပ်ငန်း အပြီးသတ်စီစဉ်ထားသည်ဟုဆိုသည်။ ပူးတွဲသုတေသနလုပ်ငန်းဆောင်ရွက်ရန် သုံးနိုင်ငံခေါင်းဆောင်များအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း၌ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရှရေနံစိမ်း ဈေးကွက်တွင် ဈေးနှုန်းများ ပြန်လည်မြင့်တက်

တိုကျို မေ ၇

ရေနံစိမ်းဈေးနှုန်းများ ရက်ပေါင်းများစွာ သိသိသာသာကျဆင်းခဲ့ပြီးသည့်နောက် အာရှဈေးကွက်တွင် ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း အင်တာနက်သတင်းတွင် မေ ၆ရက်က ဖော်ပြသည်။

မြင့်တက်

ဘရင်းမြောက်ပင်လယ် ရေနံဈေးနှုန်း ဇွန်လတွင် ၁၈ဆင့်တက်သွားသဖြင့် ရေနံတစ်စည် ၈၂ဒသမ ၇၉ဒေါ်လာဖြစ်နေစဉ် နယူးယောက်ရေနံတစ်စည်၏ ဇွန်လအတွင်း ဖြန့်ဖြူးသည့်ဈေးနှုန်းသည် ၂၅ဆင့်မြင့်တက်လာရာ ၈၀ဒသမ ၂၂ဒေါ်လာအထိ ရောက်ခဲ့သည်။

ကျဆင်းခဲ့

ဂျပန်ရေနံဈေးကွက်ပိတ်သွားပြီး ရင်းနှီးမြှုပ်နှံသူများက စီးပွားရေးဆက်လက်လုပ်ကိုင်ရန် ငြင်းဆန်လျက်ရှိပြီးနောက် ရေနံဈေးရောင်းဝယ်မှုပမာဏသည် လတ်တလောအားဖြင့် ကျဆင်းခဲ့သည်။ ယူရိုသုံးငွေဖြင့် နှိုင်းယှဉ်ပါက ဒေါ်လာတန်ဖိုးသည် ခိုင်မာလျက်ရှိပြီးနောက် ရေနံစိမ်းဈေးနှုန်းများသည် ယခုရက်သတ္တပတ်အတွင်း ရေနံတစ်စည်လျှင် ၈၂ဒေါ်လာသို့ ရောက်ရှိခဲ့သည်။

(အင်တာနက်)

8-5 (04).pmd 1 5/8/2010, 1:48 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဟေတီပြန်လည်တည်ဆောက်ရေး ပီရူးပါဝင်မည်

ယခုနှစ် ဇန်နဝါရီ ၁၂ရက်က မြေငလျင်ဒဏ်ခံစားခဲ့ရသည့် ဟေတီနိုင်ငံ၌ ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်း စာနာထောက်ထားရေး အကူအညီပေးနေသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် ပီရူးတပ်ဖွဲ့ဝင် ၁၅၀ ဟေတီနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း မေ ၆ရက်က ကြေညာသည်။

တူရကီ ရထားတိုက်မှု ၃၂ဦး ဒဏ်ရာရရှိ

တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် မေ ၆ရက်က ရထားချင်း ခေါင်းချင်းဆိုင်တိုက်မိသဖြင့် ၃၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ကြေညာသည်။ (အောက်ပုံ)

ကိုဆိုဗိုအယ်ဘေးနီးယား တပ်မှူးဟောင်း အဖမ်းခံရ

ကိုဆိုဗိုလွတ်မြောက်ရေးတပ်(ကေအယ်လ်အေ)တပ်မှူးဟောင်း ဆာဘာစ်ဂေဆီအား ပရစ္စတီနာရှိ ၎င်း၏နေအိမ်၌ ဥရောပသမဂ္ဂ(အီးယူ)ရဲတပ်ဖွဲ့ဝင်များက မေ ၅ရက်တွင် ဖမ်းဆီးလိုက်ပြီး ၁၉၉၉ခုနှစ်အတွင်းက ကျူးလွန်သည့် စစ်ရာဇဝတ်မှုများဖြင့် စွဲချက်တင်လိုက်ကြောင်း ဆားဘီးယားသတင်းဌာနက ကြေညာသည်။

ပင်လယ်ကွေ့စစ်ပွဲက အီရတ်တပ်ဖွဲ့ဝင်များ သင်္ချိုင်းတွေ့

၁၉၉၁ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအတွင်းက အသတ်ခံခဲ့ရသည့် အီရတ်တပ်ဖွဲ့ဝင် ၅၅ဦးတို့၏ အစုအပြုံလိုက် မြှုပ်ထားသည့် သင်္ချိုင်းကို ကူဝိတ်နိုင်ငံက မေ ၆ရက်တွင် တွေ့ရှိကြောင်း ကူဝိတ်ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာသည်။

နျူလက်နက်ကင်းမဲ့ရေးဇုန် အတည်ပြုရန် ဂါနာတိုက်တွန်း

အာဖရိကတိုက်တွင် နျူကလီးယား လက်နက်ကင်းမဲ့ရေးဇုန် ထူထောင်ရေး စာချုပ်၏ စာချုန်လွှာအသီးသီးကို အမေရိကန်နှင့်ရုရှားနိုင်ငံတို့က လက်မှတ်ရေးထိုး အတည်ပြုပေးကြပါရန် ဂါနာနိုင်ငံက မေ ၆ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် နှစ်ပတ်လည်နေ့ ကျင်းပ

ကုလသမဂ္ဂအဖွဲ့က ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် (၆၅)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မေ ၆ရက်က ကျင်းပပြီး လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသူများ၏ သူရသတ္တိကို ချီးကျူးလိုက်ပြီး နောက်နောင်တွင် ဒုတိယကမ္ဘာစစ်ကြီးကဲ့သို့သော အန္တရာယ်မျိုး ထပ်မံမကြုံတွေ့ရန် သန္နိဋ္ဌာန်ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆီးတဲတာကိုမာလေဆိပ် ပုံမှန်ပြန်ဖွင့်

အမေရိကန်နိုင်ငံ ဆီးတဲတာကိုမာ နိုင်ငံတကာလေဆိပ်၌ မေ ၆ရက်က မီးခိုးထွက်နေသော ခရီးသည်ဝန်စည်စလယ်၌ ဗုံးပါမည်ဟူသောအထင်ဖြင့် စစ်ဆေးရှင်းလင်းရသဖြင့် နှစ်နာရီကြာ ခေတ္တပိတ်လိုက်ရပြီး ယခုအခါ ပုံမှန်ပြန်ဖြစ်သွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နှင့်မက္ကဆီကို သွင်းကုန်ပေါ် အခွန်စည်းကြပ်

အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် တရုတ်နှင့်မက္ကဆီကို ကြေးပိုက်များအပေါ် ဈေးချ သွန်ရောင်းမှုဆန့်ကျင်ရေး ပဏာမအခွန်များကို စည်းကြပ်လိုက်ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက မေ ၆ရက်က ကြေညာသည်။

လော့စ်အိန်ဂျလိစ်၌ကားမှောက် လေးဦးသေဆုံး

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ပြင်ဘက် ဗန်နိုင်းလေဆိပ်အနီးတွင် မေ ၆ရက် နံနက်က ကားတစ်စီးတိမ်းမှောက်ရာ လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ သေဆုံးသူများတွင် တစ်ဦးမှာ ယာဉ်မောင်းသူဖြစ်မည်ဟု ယူဆရပြီး ဖြစ်စဉ်ကို စုံစမ်းလျက်ရှိသည်။ ။ (အင်တာနက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြန်/ဆက်ဦးစီး စာဖတ်သူတိုးပွားရေး ဟောပြော၊ စာအုပ်လှူဒါန်း

ရန်ကုန် မေ ၇

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ စာဖတ်သူတိုးပွားရေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၂၉ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀)ရပ်ကွက် ချမ်းမြေ့သာယာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက မြို့နယ်စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားရေးဦးတည်ချက်ဖြင့် စာဖတ်ခြင်းမှသည် အောင်မြင်ခြင်းဆီသို့ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး **(အပေါ်ပုံ)** ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်မောင်စန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးမှုများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ရပ်ကွက်နေပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချစ်စိန်နှင့်အဖွဲ့က မဂ္ဂဇင်းစာအုပ် ၅၀ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒေါ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံသို့ ငွေပဒေသာပင်လှူဒါန်း

ဒေါ့ဖုန်းယန် မေ ၇

ဗန်းမော်ခရိုင်ဒေါ့ဖုန်းယန်မြို့၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် မေ ၃ ရက် နံနက် ၁၀နာရီက ဆေးရုံအထွေထွေသုံးငွေပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်း၊ စခန်းမှူးရဲအုပ်ကျော်မိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၆၃၀၀၀ကို ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာစိုးနိုင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် ဦးဝိစာရလမ်း အမှတ်၈၆၉နေ ဦးထွန်းအောင် (မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်စန်းခင်တို့၏ (၅၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

သာပေါင်းမြို့နယ် စက်ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ ပီစီဗွီစက် ပေးအပ်လှူဒါန်း

သာပေါင်း မေ ၇

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် စက်ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ ပီစီဗွီစက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက ပြည်အေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန့်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်း

ထို့နောက် သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများလှူဒါန်းသည့် ငွေကျပ်တစ်သိန်းခုနစ်သောင်းတန် ပီစီဗွီစက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်လွင်ကလက်ခံယူသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မိုးကောင်း၌ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းဆင်း

မိုးကောင်း မေ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းနှင့် ကျွန်းပင်သာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့်သင်တန်း အမှတ်စဉ် (၂/ ၂၀၁၀)ဆင်းပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၉နာရီခွဲက ကျွန်းပင်သာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မိုးလွင်က အမှာစကားပြောကြားပြီး မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက်သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ ဗန်းမော်၌ကျင်းပ

ဗန်းမော် မေ ၇

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက်၈နာရီက ဗန်းမော်မြို့နယ် မီးသတ်ဦးစီးဌာန၌ကျင်းပရာ ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချိုက (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်း ပြောကြားပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ဟောပြော

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်ဟောပြောပွဲနှင့် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲကို ဧပြီ၂၈ရက်က အမှတ်(၉) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ လမ်းမတော်မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီးက စာပေ၏ တန်ဖိုး ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဘနိုင်းက ကျေးဇူးတင်စကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

လက်မှတ်ရေးထိုး

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် လင်းပြည့်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့ ရတနာသီဂီသတ္တုတွင်း စီမံကိန်းအား ခဲသတ္တုသန့်စင် အကြီးစား တူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ရတနာသီဂီသတ္တုတွင်းစီမံကိန်း တူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၁)သတ္တုတွင်းလုပ်ငန်းနှင့် လင်းပြည့်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်တို့၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဒိုးပင်ကွင်းကျေးရွာအုပ်စု ရတနာသီဂီသတ္တုတွင်းစီမံကိန်းကို ခဲသတ္တုသန့်စင် အကြီးစားတူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ယမန်နေ့နံနက် ၁၁နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လင်းပြည့်သတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမှတ် (၁) သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ရတနာသီဂီသတ္တုတွင်း စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် လင်းပြည့်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကိုကိုက လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အမှတ် (၁) သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လင်းပြည့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာတို့က လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ် ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို လင်းပြည့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာထံ ပေးအပ်ပြီး ဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာန ခွင့်ပြုမိန့်ကို ပေးအပ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဉ္စမအကြိမ် စာပေညီလာခံ တက်ရောက်မည့်ကိုယ်စားလှယ်များ သတင်းပို့ရန် ဆိုင်ရာမှနှိုးဆော်ထား

ရန်ကုန် မေ ၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကို မေ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

သတင်းပို့

ရန်ကုန်တိုင်းမှ ညီလာခံကိုယ်စားလှယ်များ မေ ၁၄ရက် ရုံးချိန်အတွင်း ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်ဒုတိယထပ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး တွင်ဖွင့်လှစ်ထားသည့် ကိုယ်စားလှယ် စိစစ်ရေး ရုံးသို့ လာရောက်သတင်းပို့ကြရန်နှင့် နယ်မှ ညီလာခံကိုယ်စားလှယ်များ မေ ၁၅ရက် မွန်းတည့် ၁၂နာရီအရောက် အဆိုပါရုံးတွင် လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

ထုတ်ပေးမည်

ညီလာခံအကြို ညှိနှိုင်းအစည်းအဝေးကို မေ ၁၅ရက် ညနေ ၄နာရီတွင်မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ညီလာခံ ကိုယ်စားလှယ်များအားလုံး မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်သည်။ ညီလာခံကိုယ်စားလှယ်များအား ညီလာခံဖိတ်ကြားစာနှင့် လိုအပ်သည့် စာရွက်စာတမ်းများကို သတင်းပို့သည့်နေ့တွင် တစ်ပါတည်း ထုတ်ပေးမည် ဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့၏(၂/၁၀) အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့၏ (၂/၁၀)အစည်းအဝေးကို ယနေ့ ညနေ ၃နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီးက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် ဂျီနီဗာရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းရမည့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာကိစ္စနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့်အဖွဲ့ဝင်များက ဆွေးနွေးတင်ပြညှိနှိုင်း၍ အစည်းအဝေးကို ညနေ ၄နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၉-၅-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (ဤသုံးဦး)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ငါးမိနစ်အတွင်း ခုခံအားမြှင့်တင်နည်း)
၁၀း၄၀ တေးစီးရီး(ချစ်သူတစ်ယောက်-ကာကာ)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင် တေးသံစဉ် (၉၁)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်-ညီညွတ်မှုသည်အောင်မြင်ရာ၏)
၁၂း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (အရေးကြုံသက်လုံကောင်းစေဖို့) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  ၁။ ငြိမ့်-ငြိမ်-ငြိမ်း- ဓမ္မရသစာစုများ (ဦးကောဝိဒ-ဝစီပိတ်ဆရာတော်)
  ၂။ လက်စွဲအင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန် (ဦးဝမ်ထိန်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြားအနုပညာရှင်များ (ချမ်းချမ်း)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် **သားသမီးနဲ့မိဘ**
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (စည်သူလွင်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မီးမီးခဲ) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (သီရိသွယ်စိုး)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး

News Watch (စောင့်ကြည့်ဂျာနယ်) ယခုအပတ်ထုတ် ထွက်ရှိ

ရန်ကုန် မေ ၇

X_2O ရေကစားမဏ္ဍပ် ဗုံးဖောက်ခွဲသော တရားခံမိပြီဟု ရဲချုပ်မှ ပြောကြား။

ဗုံးသတင်းပေးသူ ဆုငွေကျပ် ၁၀ သိန်း ဘယ်သူရသွားသလဲ။

ဗုံးခွဲတရားခံလေးဦးမှ တစ်ဦးကို ဖမ်းဆီးရမိ။

ဗုံးဖောက်ခွဲမှုမှာ ပါဝင်ပတ်သက်ခဲ့ကြတဲ့ စန်းနိုင်(ခ)ရဲသီဟ(ခ)သူရ (၄၇)နှစ် (ဘ)ဦးလှရှိန်(ပြည်တွင်းအကြမ်းဖက်တိုက်ခိုက်မှုများ ဦးဆောင်ကျူးလွန်သူ)၊ မျိုးဝေ(ခ) မျိုးကြီး(ခ)စိုးမိုး(VBSW ဖောက်ခွဲလက်နက်နည်းပြ ဖောက်ခွဲရေးသမား)၊ သူရဇော်(ဘ)ဦးဆန်နီတင်ဖေ(ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများအား ဦးဆောင်ကျူးလွန်သူ)၊ ဖြိုးဝေအောင်(ခ)မိုဟာမက်ယှာဇန် (ဘ)ဦးဆန်းဝင်းဦး (သင်္ကြန်ကာလ ဗုံးဖောက်ခွဲရန် ပူးပေါင်းဆောင်ရွက်ခဲ့သူ)၊ မရီရီမြင့် (ဘ)ဦးသိန်း [အောင်ကြီး (ခ)အုန်းကျော်ဌွေး၏ ဇနီး]သူတို့လေးဦးရဲ့ ကိုယ်ရေးရာဇဝင်အပြည့်အစုံ။

ရွာသာကြီးအနီး လူတစ်ဦးမြေမျိုခြင်းစသည့် သတင်းများနှင့် News Watch(စောင့်ကြည့်ဂျာနယ်) အတွဲ(၅)၊ အမှတ်(၄၁) ထူးထူးခြားခြားသတင်းများနှင့် ထွက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၂၅ ၈။ တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့တူပျော်ပျော် (အပိုင်း-၁)
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ Connect With English (Episode-45) (True Love)
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၀ ၅။ Yan Can Cook
၁၂း၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ**(အပိုင်း-၅)
၁၃း၂၀ ၇။ **ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေဆီသို့**
၁၃း၃၅ ၈။ **မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ**
၁၄း၀၀ ၉။ ရောင်စုံရေးသီတေးပန်းချီ
၁၄း၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၄၀ ၁၁။ အတီးပြိုင်ပွဲ
၁၄း၅၀ ၁၂။ International News
၁၅း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ **မျက်ရည်စက်များကင်းစေချင်**
၅း၃၀ ၇။ ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၅း၄၀ ၈။ သက်တံရောင်သံစဉ်
၅း၅၀ ၉။ **ငွေသောင်ယံကမ်းအလှပန်းချီ ချောင်းသာဆီ**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **အလှရှာမယ် လှကမ္ဘာဝယ်**
၆း၄၀ ၁၃။ **ယဉ်တစ်ကိုယ်မယ်** (ကြယ်စင်ဆောင်း) (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၅)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် တောကောင်ငယ် သိုင်းညီနောင်လေးများ**(အပိုင်း-၂၂)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၅)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**

စေတနာ၊ ကရုဏာအပြည့်ဖြင့် ကူညီစောင့်ရှောက်ပေးနေသော
မြန်မာနိုင်ငံ ကြက်ခြေနီများ

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၇

၂၀၁၀ခုနှစ် မေ ၈ရက် **(ယနေ့)**သည်ကား ကမ္ဘာ့ကြက်ခြေနီနေ့ပင်ဖြစ်၏။ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သူ ဟင်နရီဒူးနန့်၏မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၏ မြင့်မားစွန့်စားကိုယ်ကျိုးစွန့် အနစ်နာခံတတ်သည့် စိတ်ဓာတ်နှင့် လုပ်အားများကို အသိအမှတ်ပြုသောအားဖြင့်လည်းကောင်း ကမ္ဘာ့ကြက်ခြေနီနေ့ကို ကျင်းပခြင်းဖြစ်သည်။

၁၅၁နှစ်

မေ ၈ရက် **(ယနေ့)**သည်ကား ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်၏ မွေးနေ့ (၁၈၂)ကြိမ်မြောက်ခဲ့ပြီဖြစ်သလို ကြက်ခြေနီသက်တမ်းသည်လည်း ၁၅၁နှစ်တိုင်ခဲ့လေပြီ····။

လူမှုဘဝ

ယခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်မှာ မြို့ပြလူမှုဘဝမြင့်မားရေး၊ လူထုအခြေပြုလုပ်ငန်း ဆောင်ရွက်ပေး Urbanization ဖြစ်သည်။ ယင်းဆောင်ပုဒ်သည် ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး လက်တွဲပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား အတူတကွ စာနာမှုအသိစိတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်အတွက် တိုက်တွန်းထားခြင်းပင်ဖြစ်သည်။

ဤသို့ ကမ္ဘာ့ကြက်ခြေနီနေ့ အခါသမယတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ပြည်သူများအား အသိပေးတင်ပြနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ကြက်ခြေနီအသင်းရုံးချုပ်မှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

စောင့်ရှောက်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက "ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုမှာလည်း ပိုများလာပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေနဲ့ အရေးပေါ် ဘေးအန္တရာယ်အခြေအနေမှာ ဝိုင်းဝန်းကူညီနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ပြည်သူများအား ဆင်းရဲဒုက္ခ နည်းပါးစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ကြက်ခြေနီမောင်မယ်များက စေတနာ၊ ကရုဏာအပြည့်နဲ့ ကူညီစောင့်ရှောက်ပေးနေပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"
ဒေါက်တာသာလှရွှေ (ပါမောက္ခ)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း။

ဆက်လက်ရှင်းပြ

"ကြက်ခြေနီမောင်မယ် စေတနာရှင်၊ လုပ်အားရှင်များအနေဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ရှေးဦးစောင့်ရှောက်မှုလုပ်ငန်းများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ ကျန်းမာရေးဝန်ထမ်းများ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပြီး နိုင်ငံတော်ရဲ့ လူမှုကရုဏာလုပ်ငန်းများအတွက် အရန်အင်အားအဖြစ် ဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားပါတယ်" ဟု ပါမောက္ခ ဒေါက်တာသာလှရွှေက ဆက်လက်ရှင်းပြသည်။

ပြိုင်ပွဲများ

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီရုံးချုပ်မှ ပြန်ကြားရေးဌာန တာဝန်ခံ ဒေါ်ရွှေစင်မြင့်ကလည်း "ကြက်ခြေနီအဖွဲ့အနေနဲ့ မြန်မာနိုင်ငံအတွင်း နာဂစ်မုန်တိုင်းဝင်ရောက်စဉ် ပြည်သူများ ဘေးအန္တရာယ် ကြုံတွေ့ခဲ့ချိန်မှာ လိုအပ်တဲ့ ကူညီစောင့်ရှောက်မှုများ အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ဆက်လက်၍လည်း ကူညီ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါတယ်" ဟု ရှင်းပြသည်။

"လူတိုင်း ရောဂါဘယကင်းရေးဆိုတဲ့ ရည်မှန်းချက်အတိုင်း ကြက်ခြေနီအဖွဲ့အနေဖြင့် ကျေးလက်ဒေသအထိ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်"
ဒေါ်ရွှေစင်မြင့်
ပြန်ကြားရေးတာဝန်ခံ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း။

ဂုဏ်ပြုရေးသား

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူမှုရေးအသင်းကြီးဖြစ်သည်နှင့် အညီ တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့နယ်ကြက်ခြေနီအသင်း ၃၂၅သင်းနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်ဦးရေ ၂၅၀၀၀၀ကျော်ရှိပြီး ပြည်သူများ၏ ရှေးဦးပြုစုခြင်းနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်းလုပ်ငန်း၊ ကျန်းမာရေးဆိုင်ရာ အစီအစဉ်များ၊ သဘာဝဘေးဆိုင်ရာ လုပ်ငန်းများတွင် မေတ္တာ၊ ကရုဏာ၊ စေတနာ အပြည့်အဝဖြင့် ကူညီဆောင်ရွက်လျက်ရှိပါကြောင်း ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအတွင်း နာဂစ်မုန်တိုင်းတိုက်ခတ်ဝင်ရောက်စဉ်က မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုကို ဤသို့ တွေ့ရသည်။

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၁၀ခုနှစ်၊ မေလ (၈) ရက်

World Red Cross Day
8th May, 2010

"Urbanization"
"မြို့ပြလူမှုဘဝမြင့်မားရေး လူထုအခြေပြုလုပ်ငန်းဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို လောင်းလုံး(အထက) ရတနာခန်းမဆောင်၌ ဧပြီ ၂၅ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ACCA- CAT သင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် မေ ၇

စင်ကာပူနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့ရှိ ACCA ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိသော KAPLAN Financial SAA Global Education (ယခင် Singapore Accountancy Academy- SAA) နှင့် City of London College တို့တွင် ACCA- CAT ဘာသာရပ်များကို 2010 July Intake ၌ လေ့လာလိုသူများအတွက် CROWN Education က ဝန်ဆောင်ခမယူဘဲ စတင်လျှောက်ထားပေးနေပြီ ဖြစ်သည်။

ကင်းလွတ်ခွင့်

Certified Accounting Technician -CAT ဘာသာရပ်များတွင် Introductory Level, Intermediate Level, Final Level ဟု အဆင့် (၃)ဆင့်ရှိပြီး စုစုပေါင်း ဘာသာရပ်ကိုးခု လေ့လာဖြေဆိုရမည်ဖြစ်သည်။ CAT ဖြေဆိုအောင်မြင်ပြီးသူများအတွက် ACCA ကို ဆက်လက်တက်ရောက်မည်ဆိုလျှင် Knowledge Level မှ သုံးဘာသာကို ဖြေဆိုစရာမလိုဘဲ ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။

ဖြေဆိုနိုင်

ACCA သည် Finance, Accounting တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုလက်မှတ်ဖြစ်ပြီး ACCA ပြီးဆုံးရန် ၁၄ဘာသာဖြေဆိုရန် လိုအပ်သည်။ ACCA ပြီးမြောက်ရန် ၁၄ဘာသာ အောင်မြင်ရမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်နှင့် Professional Ethics Module ကို ဖြေဆိုအောင်မြင်ရမည်၊ ACCA ဘာသာရပ်များကို Fundamental Level နှင့် Professional Level ဟု ခွဲခြားထားပြီး Fundamental Level တွင် Knowledge Level သုံးဘာသာနှင့် Skill Level ခြောက်ဘာသာဟု ခွဲခြားထားသည်။ Professional Level ၌ မဖြစ်မနေဖြေဆိုရမည့် သုံးဘာသာနှင့် P4 မှ P7 လေးဘာသာထဲမှ စိတ်ကြိုက်နှစ်ဘာသာ ရွေးချယ်ဖြေဆိုနိုင်သည်။

ACCA မှ အသစ်ပြဋ္ဌာန်းချက်အရ ကျောင်းသား ကျောင်းသူများ (၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ရက်နောက်ပိုင်း Register လုပ်သူများ) Professional Ethics Module ကို On line မှ ဖြေဆိုရမည်။ Professional Ethics Module တွင် ကိုးယူနစ်ရှိသည်။ ပထမ ခြောက်ယူနစ်မှာ Ethics, Professionalism သီအိုရီများ မိတ်ဆက်နှင့် နောက်နှစ်ယူနစ်မှာ ၄င်းသီအိုရီများကို လက်တွေ့လေ့လာရမည့် ယူနစ်ဖြစ်သည်။ နောက်ဆုံးယူနစ်မှာ ကျောင်းသားကျောင်းသူများအား ၄င်းတို့ ဘာတွေလေ့လာခဲ့သည်ဆိုသည့် အကြောင်းကို အကျဉ်းချုပ်ပြန်လည်ရေးသား တင်ပြပေးရမည်ဖြစ်သည်။

လျှောက်ထားနိုင်

စင်ကာပူနိုင်ငံတွင် Student Pass ရရှိရန်အတွက် သုံးဘာသာ ကျောင်းအပ်ရန်လိုအပ်ပြီး စာမေးပွဲဖြေဆိုချိန်တွင် သင့်တော်သည့် ဘာသာရပ်များကိုသာ စာမေးပွဲကြေးသွင်း၍ ဖြေဆိုနိုင်သည်။ ICPAS သို့ မှတ်ပုံတင် လျှောက်ထားခြင်းများအတွက် KAPLAN Financial ၏ အကူအညီဖြင့် လျှောက်ထားဆောင်ရွက်လိုသူများ၊ Member ကြေးနှင့်လိုအပ်သော စာရွက်စာတမ်းများကို ဇူလိုင် ၂၁ရက် အရောက်ပေးပို့ရန် လိုအပ်ပြီး CROWN Education မှ လျှောက်ထားသူများအနေဖြင့် ဩဂုတ် ၁၃ရက်နောက်ဆုံးထား လျှောက်ထားနိုင်သည်။ မေ ၁၅ရက် နောက်ဆုံး လျှောက်ထားသူများအတွက် KAPLAN Financial သတ်မှတ်ထားသော Discount ရရှိမည်။ CROWN Education မှ ACCA- CAT အပ်သော ကျောင်းသား ကျောင်းသူများအား Job Hunting in Singapore Special Training ပေးခြင်း၊ English 4 Skill 48 (hours) Course အခမဲ့ သင်ကြားပေးခြင်း၊ CROWN Education ၏ စင်ကာပူရှိ Oversea Representative မှ ICAPS Member ကိစ္စများ လိုက်ပါဆောင်ရွက်ပေးခြင်း စသည့်အခွင့်အရေးများ ရရှိမည်ဖြစ်သည်။

လျှောက်ထားလိုသူများနှင့် အသေးစိတ်အချက်အလက်ကို သိရှိလိုသူများ CROWN Education, 228-229 Summit Parkview Hotel, ဖုန်း- ၂၁၁၈၈၈ (လိုင်းခွဲ-၂၂၈၊ ၂၂၉)၊ ၂၁၆၇၅၀ နှင့် ၀၉-၅၀-၈၅၁၈၅တို့သို့ စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၀ခုနှစ် မေလအတွက်
(၉-၅-၂၀၁၀)ရက်နေ့
နှင့်
(၃၀-၅-၂၀၁၀)ရက်နေ့

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

8-5 (07).pmd 1 5/8/2010, 1:48 AM

ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့

ငါးမင်းဆွေ

၂၀၁၀ခုနှစ် မတ်လ ၁ ရက်နေ့။ ဆန်နီပစ်ကပ် ကားငယ်လေးသည် ရခိုင်ရိုးမတောင်တန်းကြီးကို ပေါ့ပါးသွက်လက်စွာ ကျော်ဖြတ်နေသည်။ အချိန်က ည ၈နာရီကျော်ခဲ့ပါပြီ။ ရန်ကုန်မှ တစ်နေ့လုံး တောက်လျှောက်ကားမောင်းလာရသဖြင့် ပင်ပန်းနွမ်းနယ်လာသည်။ ညောင်ကျိုးစခန်းသို့ရောက်အောင် မောင်းမည်၊ ညောင်ကျိုးတွင် ခေတ္တနားပြီး တောင်ကုတ်မြို့သို့ ဆက်မောင်းမည်ဟု စဉ်းစားထားသည်။ ဘေးထိုင်ခုံတွင် စီးနင်းလာသော ဦးစိန်ဝင်းက ကားမောင်းနေသော ကျွန်တော် အိပ်မငိုက်စေရန် စကားကို တတွင်တွင်ပြောလာသည်။ ည ၉နာရီခွဲတွင် ညောင်ကျိုးစခန်းသို့ရောက်ခဲ့သည်။ တောင်ကုတ်မြို့သို့ လေးနာရီခန့် မောင်းရပါဦးမည်။ ကျွန်တော်က ကားကို ဆက်မောင်းလိုပါသည်။ ဦးစိန်ဝင်းက ဆက်မမောင်းစေလိုတော့ပါ။ ဦးစိန်ဝင်းသည် အငြိမ်းစားတပ်မတော်သားကြီးတစ်ဦးဖြစ်သည်။ ကျွန်တော့်ထက်အသက် (၁၀)နှစ်ကြီးရုံတင်မက အတွေ့အကြုံ ပိုများသူဖြစ်ရာ ဦးစိန်ဝင်းစကားကို ကျွန်တော်နာခံလိုက်ပါသည်။

ဆောင်းအကုန်နွေအကူး ရာသီဦးတွင် ရခိုင်ရိုးမပေါ်၌ အအေးဓာတ် မကုန်သေးပါ။ ပူလွန်းအေးလွန်းခြင်းမရှိဘဲ သမမျှတသော ရိုးမလေကြောင့် ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်တွင် ညောင်ကျိုးစခန်း၌ ကော်ဖီတစ်ခွက်သောက်ပြီး တောင်ကုတ်မြို့သို့ ဆက်ထွက်ခဲ့ပါသည်။ ရခိုင်ရိုးမ ကားလမ်းဘေးတွင် ချင်းတိုင်းရင်းသားတို့၏ ခြေတံရှည်အိမ်များကို သပ်ရပ်လှပစွာတွေ့ရသည်။ ညောင်လုံတိုး၊ စလူကျေးရွာများတွင် သပ်ရပ်သော စာသင်ကျောင်းများကို တွေ့ရသည်။ ရိုးမအလင်းရှင်စာကြည့်တိုက်၊ ဗိုလ်တိုက်ချွန်းစာကြည့်တိုက်များကို သပ်ရပ်စွာ တည်ဆောက်ထားကြသည်။ စာကြည့်တိုက်များရှေ့၌ ကားရပ်ပြီး စာအုပ်များကို ဝင်ရောက်လေ့လာကြည့်ရှုခဲ့ပါသည်။ ချင်းတိုင်းရင်းသားများ ကျွန်တော်တို့ထံ ရောက်လာပြီး ရင်းနှီးခင်မင်စွာ စကားပြောဖြစ်ခဲ့ကြသည်။ တိုင်းရင်းသားများအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ထားရှိသော ချစ်ခြင်းမေတ္တာကို ရခိုင်ရိုးမပေါ်တွင် နွေးထွေးစွာ ခံစားခဲ့ရပါသည်။

ရေပေါ်ကြီးကားရပ်စခန်းတွင် နံနက်စာ စားပါသည်။ ဦးစိန်ဝင်းနှင့် ဆိုင်ရှင်လူငယ်တို့ စကားကောင်းနေကြသည်။ ရေပေါ်ကြီးစခန်းတွင် တစ်နာရီခန့်ရပ်နားသည်။ တောင်ကုတ်သို့ ဆက်ထွက်လာကြသည်။ ရေပေါ်ကြီးစခန်းတွင် နေထိုင်သော ရခိုင်တိုင်းရင်းသူတစ်ဦးက အသက်(၃)နှစ်သား ကလေးငယ်နှင့်အတူ တောင်ကုတ်သို့ လိုက်လိုသည်ဆိုလာ၍ သူတို့ကို ကားနောက်ခန်းတွင် တင်ဆောင်လာပါသည်။ တောင်ကုတ်မြို့အဝင် စစ်ဆေးရေးဂိတ်တွင် ဦးစိန်ဝင်း ကြိုတင်ဆက်သွယ်ထားသော ရခိုင်တိုင်းရင်းသား ကိုကျော်မင်းထွန်းက လာရောက်ကြိုဆိုနေပါသည်။ ကိုကျော်မင်းထွန်းသည် သွက်လက်ချက်ချာ ရည်မွန်သော စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည်။ ကိုကျော်မင်းထွန်းက ရခိုင်ရိုးရာ အစားအသောက်များဖြင့် ဧည့်ခံရာ ရခိုင်ချက်နှင့် မွန်ချက်မှာ ချဉ်ချဉ်စပ်စပ် အရသာချင်းတူသဖြင့် ကျွန်တော် ခံတွင်းတွေ့သွားပါသည်။ ကိုကျော်မင်းထွန်းအား နှုတ်ဆက်ပြီး မွန်းလွဲ ၂နာရီခွဲခန့်တွင် တောင်ကုတ်မြို့မှ ကျောက်ဖြူမြို့နယ်သို့ ဆက်ထွက်ခဲ့ကြပါသည်။ တောင်ကုတ်မြို့အထွက် ကားလမ်းဘေးတစ်လျှောက်တွင် ရော်ဘာမျိုးသန့်စိုက်ခင်းများကို တွေ့ရပါသည်။ ယခင်က ရခိုင်ပြည်နယ်တွင် ရော်ဘာကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးခြင်းမရှိခဲ့ကြပါ။ ယခုအခါ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြသည်ကို တွေ့ရပါသည်။ မျိုးသန့်ရော်ဘာခြံ တစ်ဧကလျှင် ငွေကျပ် ၁၀သိန်းအထိ ဝင်ငွေရရှိနိုင်သဖြင့် ရခိုင်တိုင်းရင်းသားများ ရော်ဘာဖြင့် စီးပွားဖြစ်ထွန်းလာကြပါဦးမည်။

ဦးစိန်ဝင်းနှင့် ကျွန်တော်တို့နှစ်ဦး ကားငယ်တစ်စီးဖြင့် ရခိုင်သို့ ခရီးထွက်လာခြင်းမှာ တောင်ကုတ်၊ ကျောက်ဖြူ၊ သံတွဲ၊ ဂွ၊ ကျိန္တလီနယ်တို့တွင် ဆားကွင်းများ ဖော်ထုတ်လုပ်ကိုင်နိုင်မှု အခြေအနေကို ကွင်းဆင်းလေ့လာရန် ဖြစ်ပါသည်။ ၂၀၁၂ခုနှစ်တွင် နိုင်ငံတော်၌ စက်မှုကုန်ကြမ်း ဆားတန်ချိန် တစ်သိန်းခန့် ထပ်မံလိုအပ်လာမည်ဖြစ်သောကြောင့် နိုင်ငံတော်တွင် ဆားကွင်းဧက တစ်သောင်းခန့် ဖော်ထုတ်လုပ်ကိုင်ရန် လိုလာပါသည်။ ရခိုင်ပြည်နယ် ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များသို့ ၁၉၉၄ခုနှစ်က ဆားလုပ်ငန်းကိစ္စဖြင့် ကျွန်တော် ရောက်ခဲ့ပါသည်။ ထိုစဉ်က ရခိုင်တိုင်းရင်းသားတို့ လုပ်ကိုင်သော ဆားမြေဧကမှာ ၆၀၀ခန့်သာရှိခဲ့ပါသည်။ ထိုစဉ်က ပေါက်တောမြို့နယ်တွင် ရခိုင်တိုင်းရင်းသားတို့သည် ပင်လယ်ရေကို ဝါးမောင်းတက်တွင် တပ်ထားသော ရေပုံးများဖြင့် ပင်ပန်းကြီးစွာ ခပ်တင်ပြီး မိသားစု တစ်ပိုင်တစ်နိုင် လုပ်ကိုင်ခဲ့ကြပါသည်။ ပေါက်တောမြို့မှ စီးပွားရေးလုပ်ငန်းရှင် ဦးမောင်ထွန်းမြအား ပင်လယ်ရေကို ရေစုပ်စက်ကြီးများဖြင့်တင်ပြီး ကွင်းကျယ်စနစ်ဖြင့် နေလှန်းဆားကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ရန် ကျွန်တော် တိုက်တွန်းအကြံပြုခဲ့ပါသည်။ ဆားထုတ်လုပ်နိုင်သော မြေနေရာကိုလည်း ရွေးချယ်သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ ရခိုင်တိုင်းရင်းသား ဦးမောင်ထွန်းမြသည် ဆားကွင်းဧက ၃၀၀ ပိုင်သော လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်လာပြီး ဆားဖြင့် ကြီးပွားချမ်းသာလာပါသည်။ ရခိုင်ပြည်နယ်တွင်လည်း ယခင်က ရခိုင်တိုင်းရင်းသားပိုင် ဆားကွင်း ဧက ၆၀၀ခန့်ရှိရာမှ ယခုအခါ ဧက ၆၀၀၀ကျော်အထိ တိုးတက်များပြားလာပါသည်။ ရခိုင်တိုင်းရင်းသားတို့၏ ကြိုးစားအားထုတ်မှုမှာ အံ့မခန်းဖွယ်ရာ ဖြစ်ပါသည်။ နာဂစ်မုန်တိုင်းကြောင့် နိုင်ငံတော်တွင် ဆားများ ပြတ်လပ်ခဲ့ရာ လိုအပ်သောဆားကို ရခိုင်တိုင်းရင်းသားများက ထုတ်လုပ်ပေးခဲ့ကြပါသည်။

တောင်ကုတ်-မအီ ကားလမ်းပိုင်းပေါ်ရှိ လမုရွာတွင် ကားကို ရပ်နားပြီး လက်ဖက်ရည်သောက်ကြပါသည်။ ထိုလက်ဖက်ရည်ဆိုင်တွင်ရှိသော CDMA ဖုန်းဖြင့် ရခိုင်တိုင်းရင်းသားများ ဆက်သွယ်ပြောဆိုနေကြသည်ကို တွေ့ရပါသည်။

မအီ-ကျောက်ဖြူကားလမ်းသည် ကျယ်ဝန်းသည်၊ ချောမွေ့သည်။ မအီမြို့မှ အထွက်တွင် ကားလမ်းသည် ညီညာချောမွေ့သော ကတ္တရာလမ်းမကြီးဖြစ်သည်။ လမ်းကောင်းသဖြင့် ဆန်နီကားငယ်ကို ကီလို ၁၀၀နှုန်းအထိ မောင်းလိုက်ပါသည်။ ထိုမျှမောင်းနေသော်လည်း 4WD Hilux Cab တစ်စီးက ကျွန်တော်တို့ကို လျှောခနဲ ဖြတ်ကျော်တက်သွားပါသည်။ မကြာမီ ထိုကားကို မမြင်ရတော့ပါ။ မအီမှ ငါးမိုင်ကျော်ခန့်ရောက်သောအခါ ကားလမ်းသည် ကျောက်ချောမြေသားလမ်းဖြစ်ပါသည်။ သို့သော် ညီညာသဖြင့် ကားကိုကီလို ၈၀နှုန်းအထိ မောင်းနိုင်ပါသည်။ လမ်းကိုအဆင့်မြင့်ပြုပြင်ရန် ကျောက်များ စုပုံထားသည်ကို တွေ့ရပါသည်။

ကျောက်ဖြူမြို့နယ်သည် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ရမ်းဗြဲကျွန်းကြီးပေါ်တွင် တည်ရှိပါသည်။ မအီ-ကျောက်ဖြူကားလမ်းသည် ရခိုင်ရိုးမနှင့် ရမ်းဗြဲကျွန်းသို့ ပင်လယ်ပြင်ကိုဖြတ်၍ အကုန်အကျများစွာ၊ အခက်အခဲများစွာဖြင့် ဖောက်လုပ်ထားသော ကားလမ်းမကြီး ဖြစ်ပါသည်။ ကားလမ်းဘေး နှစ်ဖက်စလုံးတွင် ပင်လယ်ရေမြုပ် ဒီရေတောများ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေပါသည်။ ထိုဒီရေတောတွင် ပင်လယ်ရေ သုံးပေမှ ခြောက်ပေအထိ ပုံမှန်နစ်မြုပ်ပါသည်။ မုန်တိုင်းဒီရေတက်လာပါက ထိုထက်မက နစ်မြုပ်နိုင်ပါသည်။ ထို့ကြောင့် ကားလမ်းမကြီးကို အမြင့် ၁၀ပေမှ ၁၂ပေအထိ မြေသားဖို့ပြီး ဖောက်လုပ်ထားပါသည်။ စစ်တောင်းတံတားခန့်ရှိသော တံတားကြီးများကိုလည်း တွေ့ရသည်။ ဂျိုင်းမြစ်ကူးတံတားခန့်ရှိသော တံတားများကိုလည်း တွေ့ရသည်။ တံတားတို့မှာ များလွန်းသဖြင့် အရေအတွက်ကို ကျွန်တော် ကောင်းစွာမမှတ်မိတော့ပါ။ တံတား ၁၀စင်းလောက်တော့ရှိမည်ဟု ထင်ပါသည်။ တန် ၆၀ခံနိုင်ရည်ရှိသော သံပေါင်တံတားကြီးများ ဖြစ်ကြပါသည်။ ပင်လယ်ပြင်ကြီးကို ဖြတ်သန်းဖောက်လုပ်ထားသော မအီ-ကျောက်ဖြူ ကားလမ်းပေါ်တွင် ကားမောင်းရသည်မှာ အလွန်ကြည်နူးဖွယ်ရာ ကောင်းပါသည်။

လွန်ခဲ့သော (၁၅)နှစ်က ရခိုင်ရိုးမကိုကျော်၍ တောင်ကုတ်မြို့မှတစ်ဆင့် ကျောက်ဖြူနှင့် စစ်တွေမြို့များသို့ ကျွန်တော် အခေါက်ခေါက်အခါခါ သွားလာခဲ့ပါသည်။ ဟောင်းနွမ်းဆွေးမြည့်နေသော သံခွံသင်္ဘောငယ်ဖြင့် တောင်ကုတ်မှတစ်ဆင့် ပင်လယ်ကမ်းရိုးတန်းအတိုင်း ကျောက်ဖြူနှင့် စစ်တွေမြို့သို့ သွားကြရသည်။ သင်္ဘောကုန်းပတ်ပေါ်တွင် ခြေချစရာမရှိအောင် လူကများပြားလှသည်။ ထို့ကြောင့် သင်္ဘောအမိုးခေါင်တန်းတွင် ပုခက်ဆင်ကာ သွားလာစီးနင်းခဲ့ကြရပါသည်။ ဤသို့ ပင်ပန်းဆင်းရဲခက်ခဲစွာ သွားလာခဲ့ရသော တောင်ကုတ်မြို့နှင့် ရမ်းဗြဲကျွန်းအကြားရှိ ပင်လယ်ပြင်ကြီးကို ယခုတော့ ကားငယ်လေးဖြင့် ငြိမ့်ညောင်းသာယာ လျင်မြန်စွာ ဖြတ်ကူးနိုင်ပါပြီ။ ပင်လယ်ပြင်ကြီးကို ကားငယ်လေးတစ်စီးဖြင့် ညက်ညောစွာ ဖြတ်ကျော်မောင်းနှင်ရင်း ည ၈နာရီခန့်တွင် ကျောက်ဖြူမြို့နယ် စနဲကျေးရွာ

> **အနောက်အုပ်စုတို့က မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ခြင်းကြောင့် မြန်မာနိုင်ငံသားများ ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ နိုင်ငံရေးပါတီကြီးတစ်ခုမှ ခေါင်းဆောင်အချို့တို့သည် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်စေရန် တောင်းဆိုခဲ့ကြသည်။ အားပေးအားမြှောက် ပြုခဲ့ကြသည်။ ကြိုးစားအားထုတ်မှု ပြုခဲ့ကြသည်။ ယခုအခါ ၂၀၁၀ ရွေးကောက်ပွဲသို့ ဝင်ရောက်ရန်ကိုပင် ငြင်းဆန်ခဲ့ကြပြန်သည်။ ဤသည်မှာ မြန်မာနိုင်ငံအား အနောက်အုပ်စုတို့က စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ခြင်းဟူသော စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက်မှု ဆက်လက်လုပ်ကိုင်နိုင်ရန် နည်းဗျူဟာအသစ် ခင်းကျင်းလိုက်ခြင်းပင်ဖြစ်သည်။**

သို့ ရောက်ရှိခဲ့သည်။ စနဲရွာတွင် ညအိပ်ရ
တွင် စနဲကျေးရွာအနီး ဆားကွင်းဖော်ထုတ်
လေ့လာရပါမည်။

မနေ့ညက ညောင်ကျိုးစခန်းတွင် ရိ
အိပ်စက်ခဲ့ရသောကြောင့် ယခုရမ်းဗြဲကျွ
သည် အိုက်စပ်စပ်နှင့် ပူနွေးလှပါသည်။
တော်ရုံနှင့် အိပ်မပျော်နိုင်ဘဲ နိုင်ငံတော်နှင့်
အတွေးနယ်ချဲ့နေမိပါသည်။ ယခုအခါ
ပြည်နယ်နှင့်တိုင်း အသီးသီးတို့တွင် လမ်း
ရေးကွန်ရက်များ၊ ဆည်မြောင်းတာတမံ
တက္ကသိုလ်များ၊ အခြေခံပညာကျောင်းမျ
အံ့သြဖွယ်ရာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါပြီ။
ရှိနေသေးသော လျှပ်စစ်စွမ်းအား အပြည့်
လျှပ်စစ်စီမံကိန်းကြီးများကိုလည်း တည်ဆေ
ဖော်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏
ထားရှိသည့် ချစ်ခြင်းမေတ္တာ၊ မြန်မာတိုင်း
နိုင်ငံနှင့်လူမျိုးကိုချစ်သော ချစ်ခြင်းမေတ္တာ
နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော ချစ်
ယနေ့နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု
ရရှိနေပြီ ဖြစ်ပါသည်။

ချစ်ခြင်းမေတ္တာကို ပါးစပ်ဖြင့် ပြော
ရောက်မှု မရှိနိုင်ပါ။ အချို့သူတို့သည် နိ
သည်ဟု ပါးစပ်က ကရားရေလွှတ် တ
သော်လည်း ၎င်းတို့သည် နိုင်ငံနှင့်လူမျိုးအ
လုပ်ငန်း တစ်စုံတစ်ရာကိုမျှ လုပ်ကိုင်ခဲ့ခြင်
လူမျိုး ထိခိုက်နစ်နာစေသော လုပ်ရပ်မျ
သည်ကို တွေ့မြင်နေရပါသည်။ မြန်မာနိ
ကောင်းစားကြပါစေဟု ပြောဆိုမေတ္တာ
လောင်းကစားဒိုင်ကြီးလုပ်နေသူနှင့်
ချမ်းသာကောင်းစားစေချင်ပါသည်၊ နိုင်
သည်ဟု ပါးစပ်မှ တတွင်တွင်ပြောပြီး နိ
ပိတ်ဆို့ဒဏ်ခတ်စေရန် တောင်းဆိုကြိုးစ
အတူတူနှင့် အနူနူပင်ဖြစ်ပါသည်။ ငါးမွေ
သတ္တဝါများ ကျန်းမာချမ်းသာကြပါစေပ
သည် လူလိမ် လူညာဖြစ်သည်။ မြန်မာနိုင်
ဒိုင်လုပ်နေသူတစ်ဦးက မြန်မာနိုင်ငံသားမျ
ကြပါစေဟု မေတ္တာပို့လျှင် ထိုသူသည် လု
ထို့အတူ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့
အားထုတ် တောင်းဆိုသူတစ်ဦးက နိုင်
တိုးတက် ချမ်းသာကောင်းစားစေလိုသည်၊
သည်ဟု ပြောဆိုလာပါလျှင် ထိုသူသည် လု
ကျွန်တော်သည် ၁၉၈၈ ခုနှစ်က လောင်း
ဖူးပါသည်။ ကျွန်တော်သည် ၁၉၉၆မှ ယ
မြူရေးကို လုပ်ကိုင်နေပါသည်။ သို့ပ
တို့သည် ဘယ်လိုမှငြင်း၍မရနိုင်သော
မှန်သောသစ္စာစကားတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို အနောက်အုပ်စုနိုင်ငံ
ဒဏ်ခတ်လာစေရန် ကြိုးစားအားထုတ်ေ
နှင့်လူမျိုးအပေါ် ချစ်ခြင်းမေတ္တာ ကင်းမဲ့
အပေါ် စီးပွားရေးလက်နက်ဖြင့် အ
ရောက်စေပါသည်။ အမေရိကန်က အီရ
ပိတ်ဆို့ဒဏ်ခတ်ခြင်းကြောင့် အီရတ်နိုင်င
အပြား သေဆုံးခဲ့ရပါသည်။ အနောက်အ
အား စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်ခြင်း
များ ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ နိုင်
ခေါင်းဆောင်အချို့တို့သည် မြန်မာနိုင်ငံ
ဒဏ်ခတ်စေရန် တောင်းဆိုခဲ့ကြသည်။ အ
ခဲ့ကြသည်။ ကြိုးစားအားထုတ်မှုပြုခဲ့ကြ
ရွေးကောက်ပွဲသို့ ဝင်ရောက်ရန်ကိုပင် ငြ
ဤသည်မှာ မြန်မာနိုင်ငံအား အနောက်
ပိတ်ဆို့ဒဏ်ခတ်ခြင်းဟူသော စီးပွားရေးလ
မှု ဆက်လက်လုပ်ကိုင်နိုင်ရန် နည်းဗျူဟာ
ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူ
ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို တ
သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော
ဖြင့် တည်ဆောက်လျက်ရှိသော နိုင်ငံ

မြန်မာနိုင်ငံကို အနောက်အုပ်စုနိုင်ငံတို့က စီးပွားရေးပိတ်ဆို့ဒဏ်ခတ်လာစေရန် ကြိုးစားအားထုတ် တောင်းဆိုခြင်းသည် နိုင်ငံနှင့် လူမျိုးအပေါ် ချစ်ခြင်းမေတ္တာကင်းမဲ့ရုံမျှမက နိုင်ငံသားတို့အပေါ် စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက် တိုက်ခိုက်ရာ ရောက်စေပါသည်။

သို့ ရောက်ရှိခဲ့သည်။ စနဲရွာတွင် ညအိပ်ရပ်နားပြီး နောက်တစ်နေ့တွင် စနဲကျေးရွာအနီး ဆားကွင်းဖော်ထုတ်နိုင်မှု အခြေအနေတို့ကို လေ့လာရပါမည်။

မနေ့ညက ညောင်ကျိုးစခန်းတွင် ရိုးမလေအေးနှင့် ထိတွေ့အိပ်စက်ခဲ့ရသောကြောင့် ယခုရမ်းဗြဲကျွန်းပေါ်ရှိ ပင်လယ်လေသည် အိုက်စပ်စပ်နှင့် ပူနွေးလှပါသည်။ ထို့ကြောင့် ကျွန်တော်တော်ရုံနှင့် အိပ်မပျော်နိုင်ဘဲ နိုင်ငံတော်နှင့် ပတ်သက်သည်များကို အတွေးနယ်ချဲ့နေမိပါသည်။ ယခုအခါ နိုင်ငံတော်အတွင်းရှိ ပြည်နယ်နှင့်တိုင်း အသီးသီးတို့တွင် လမ်းတံတားများ၊ ဆက်သွယ်ရေးကွန်ရက်များ၊ ဆည်မြောင်းတာတမံများ၊ စက်မှုဇုန်ကြီးများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံသစ်ကြီးများ အံ့သြဖွယ်ရာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါပြီ။ ထို့အပြင် လိုအပ်လျက်ရှိနေသေးသော လျှပ်စစ်စွမ်းအား အပြည့်အဝရရှိနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းကြီးများကိုလည်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့် လူမျိုးအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာ၊ မြန်မာတိုင်းရင်းသားအပေါင်းတို့၏ နိုင်ငံနှင့်လူမျိုးကိုချစ်သော ချစ်ခြင်းမေတ္တာ၊ တပ်မတော်သားတို့၏ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသော ချစ်ခြင်းမေတ္တာတို့ကြောင့် ယနေ့နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီ ဖြစ်ပါသည်။

ချစ်ခြင်းမေတ္တာကို ပါးစပ်ဖြင့် ပြောဆိုရုံမျှနှင့် အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ အချို့သူတို့သည် နိုင်ငံနှင့်လူမျိုးကို ချစ်ပါသည်ဟု ပါးစပ်က ကရားရေလွှတ် တတွတ်တွတ် ပြောနေကြသော်လည်း ၎င်းတို့သည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မည်သည့်လုပ်ငန်း တစ်စုံတစ်ရာကိုမျှ လုပ်ကိုင်ခဲ့ခြင်းမရှိရုံတင်မက နိုင်ငံနှင့်လူမျိုး ထိခိုက်နစ်နာစေသော လုပ်ရပ်များကိုပင် လုပ်ကိုင်ခဲ့ကြသည်ကို တွေ့မြင်နေရပါသည်။ မြန်မာနိုင်ငံသားများ ချမ်းသာကောင်းစားကြပါစေဟု ပြောဆိုမေတ္တာပို့ပြီး လက်တွေ့တွင်မူ လောင်းကစားဒိုင်ကြီးလုပ်နေသူနှင့် မြန်မာနိုင်ငံသားများကို ချမ်းသာကောင်းစားစေချင်ပါသည်၊ နိုင်ငံနှင့်လူမျိုးကို ချစ်ပါသည်ဟု ပါးစပ်မှ တတွင်တွင်ပြောပြီး နိုင်ငံတော်ကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်စေရန် တောင်းဆိုကြိုးစားအားထုတ်သူတို့သည် အတူတူနှင့် အနူနူပင်ဖြစ်ပါသည်။ ငါးမွေးမြူရေးသမားတစ်ဦးက သတ္တဝါများ ကျန်းမာချမ်းသာကြပါစေဟု မေတ္တာပို့လျှင် ထိုသူသည် လူလိမ် လူညာဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လောင်းကစားဒိုင်လုပ်နေသူတစ်ဦးက မြန်မာနိုင်ငံသားများ ချမ်းသာကောင်းစားကြပါစေဟု မေတ္တာပို့လျှင် ထိုသူသည် လူလိမ် လူညာဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်စေရန် ကြိုးစားအားထုတ် တောင်းဆိုသူတစ်ဦးက နိုင်ငံနှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက် ချမ်းသာကောင်းစားစေလိုသည်၊ နိုင်ငံနှင့်လူမျိုးကို ချစ်ပါသည်ဟု ပြောဆိုလာပါလျှင် ထိုသူသည် လူလိမ် လူညာ ဖြစ်သည်။ ကျွန်တော်သည် ၁၉၈၈ ခုနှစ်က လောင်းကစားဒိုင် သုံးလ လုပ်ခဲ့ဖူးပါသည်။ ကျွန်တော်သည် ၁၉၉၆မှ ယခုထက်ထိတိုင် ငါးမွေးမြူရေးကို လုပ်ကိုင်နေပါသည်။ သို့ပါ၍ အထက်ပါစကားတို့သည် ဘယ်လိုမှငြင်း၍မရနိုင်သော ကျွန်တော့် ကိုယ်တွေ့မှန်သောသစ္စာစကားတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို အနောက်အုပ်စုနိုင်ငံတို့က စီးပွားရေးပိတ်ဆို့ဒဏ်ခတ်လာစေရန် ကြိုးစားအားထုတ်တောင်းဆိုခြင်းသည် နိုင်ငံနှင့်လူမျိုးအပေါ် ချစ်ခြင်းမေတ္တာ ကင်းမဲ့ရုံမျှမက နိုင်ငံသားတို့အပေါ် စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက်တိုက်ခိုက်ရာရောက်စေပါသည်။ အမေရိကန်က အီရတ်နိုင်ငံအား စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းကြောင့် အီရတ်နိုင်ငံမှ ကလေးငယ် အများအပြား သေဆုံးခဲ့ရပါသည်။ အနောက်အုပ်စုတို့က မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်ခြင်းကြောင့် မြန်မာနိုင်ငံသားများ ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ နိုင်ငံရေးပါတီကြီးတစ်ခုမှ ခေါင်းဆောင်အချို့တို့သည် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ဒဏ်ခတ်စေရန် တောင်းဆိုခဲ့ကြသည်။ အားပေး အားမြှောက်ပြုခဲ့ကြသည်။ ကြိုးစားအားထုတ်မှုပြုခဲ့ကြသည်။ ယခုအခါ ၂၀၁၀ ရွေးကောက်ပွဲသို့ ဝင်ရောက်ရန်ကိုပင် ငြင်းဆန်ခဲ့ကြပြန်သည်။ ဤသည်မှာ မြန်မာနိုင်ငံအား အနောက်အုပ်စုတို့က စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းဟူသော စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက်မှု ဆက်လက်လုပ်ကိုင်နိုင်ရန် နည်းဗျူဟာအသစ် ခင်းကျင်းလိုက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်လျက်ရှိသော နိုင်ငံတော်ကြီးနှင့် နိုင်ငံသားတို့ကို စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက် တိုက်ခိုက်ခံရအောင် ကြိုးပမ်းအားထုတ်ခြင်းမပြုကြပါရန် မြန်မာတိုင်းရင်းသားအပေါင်းတို့ကိုယ်စား အနူးအညွတ် မေတ္တာရပ်ခံပါသည်။

နိုင်ငံနှင့်လူမျိုးအကျိုးအတွက် လုပ်ဆောင်နေကြသူတို့သည် နိုင်ငံနှင့်လူမျိုးကို ချစ်သောသူများဖြစ်ကြသည်။ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိဘဝကိုလည်းကောင်း၊ မိမိအသက်ကိုလည်းကောင်း ပေးဆပ်နိုင်သူတို့သည် နိုင်ငံနှင့် လူမျိုးအပေါ်ကြီးမြတ်သော ချစ်ခြင်းမေတ္တာထားရှိသူများ ဖြစ်ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန် ကျွန်တော်တို့ မိဘဘိုးဘွား၊ ဆရာသမား၊ ရဲဘော်ရဲဘက်တို့၏ ဘဝပေါင်းများစွာ စတေးခဲ့ကြရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည်။ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိအသက်နှင့် မိမိဘဝကို ပေးဆပ်နိုင်သော ချစ်ခြင်းမေတ္တာထက် မြင့်မြတ်သော ချစ်ခြင်းမေတ္တာသည် ဤကမ္ဘာပေါ်တွင် မရှိပါ။ ကျွန်တော်တို့သည် အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသော မိဘဘိုးဘွား၊ ဆရာသမား၊ ရဲဘော်ရဲဘက်တို့၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရပါမည်။ ကျွန်တော်တို့ကိုယ်တိုင် အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်သူများ ဖြစ်စေရန် ကြိုးစားအားထုတ်ကြရပါမည်။

ယခုအခါ မြန်မာတိုင်းရင်းသားတို့သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ပြည်ထောင်စု နိုင်ငံတော်ကြီး၏ အသက်ဝိညာဉ်ကို မိမိအသက်ထက် တန်ဖိုးထားပြီး နိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်နေကြပါသည်။ မြန်မာတိုင်းရင်းသားအပေါင်းတို့က အမြင့်မြတ်ဆုံးသော မေတ္တာဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်နေခြင်းကြောင့် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်ပါသည်။ ထိုရရှိနေသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများကို မနာလို မရှုဆိတ်သူများက အကြမ်းဖက်နည်းလမ်းဖြင့် ဟန့်တားနှောင့်ယှက်လာကြပါသည်။ ပြည်ထောင်စု နိုင်ငံတော်ကြီးတွင် ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းတို့ကို အကြမ်းဖက်နည်းလမ်းဖြင့် နှောင့်ယှက်ဟန့်တားလာသော အကြမ်းဖက်သမားမှန်သမျှကို မြန်မာတိုင်းရင်းသားအပေါင်းတို့က နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိအသက်ကိုပင် ပေးဆပ်နိုင်သည့် အမြင့်မြတ်ဆုံးသော စွန့်လွှတ်ခြင်းဖြင့် ပြန်လည်တုံ့ပြန်သွားကြမည်သာဖြစ်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ကန့်ဘလူမြို့ ရေပေးဝေရေးအတွက် တည်ဆောက်ထားသော မြစ်သူငယ်ရေလှောင်တမံသည် ရေဂါလန် သန်း ၉၀ သိုလှောင်ထားနိုင်သည်။

❍ *ကျောဖုံးမှ*

အမှတ် (၃)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်တို့အတွက် ပေ ၄၀စင်မြင့် ဂါလန် ၆၀၀၀ဆံ့ သံရေစင်ဆောက်လုပ်ခြင်း၊ ရေတင်မော်တာ ရေတင်ပန့်များတပ်ဆင်ခြင်း၊ ရေသွယ်ပိုက်များ တပ်ဆင်သွယ်တန်းခြင်းတို့ကို ကျပ်သိန်း ၃၀၀ သုံးစွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၀၇-၂၀၀၈ခုနှစ်တွင် အမှတ် (၁)ရပ်ကွက်အတွက် ပေ ၄၀စင်မြင့် ဂါလန် ၆၀၀၀ဆံ့ သံရေစင်ဆောက်ခြင်း၊ ရေတင်မော်တာ၊ ရေတင်ပန့်၊ ရေသွယ်ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်းကို ကျပ် ၃၄၆ ဒသမ ၅သိန်းဖြင့်လည်းကောင်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် အမှတ် (၂)ရပ်ကွက်အတွက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ကျပ် ၇၉ ဒသမ ၆သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး အဝီစိတွင်းရေ ပေးဝေခဲ့သည်။ စက်တွင်း အဝီစိရေဖြစ်သော်လည်း သည်မြေက သည်ရေ (ဒီမြေကဒီရေ) ပင်ဖြစ်ပေရာ လက်တူးတွင်းရေနှင့်မခြား စေးကပ်ကပ်ဖြင့် ရေစေးပင်ဖြစ်နေသည်။

စီမံကိန်း

ထို့ကြောင့် ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် နိုင်ငံ့အကြီးအကဲများ၏ ညွှန်ကြားချက်များနှင့်အညီ ၂၀၀၉-၂၀၁၀ ခုနှစ် မြစ်သူငယ်ရေလှောင်တမံ တိုးချဲ့မြို့ရေပေးရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ အမှတ် (၂)ရပ်ကွက်၌ ဂါလန် ၅၅၀၀၀ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ မြစ်သူငယ် ရေလှောင်တမံမှ အရှည်ပေ ၁၁၄၅၀ရှိ ရှစ်လက်မ ပီဗွီစီပိုက်သွယ်တန်းခြင်း၊ ရေစစ်မြောင်းများ ရေယူပိုက်တပ်ဆင်ခြင်း၊ ရေတွန်းစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၆၀၀၀ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်ခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ပိုက်သွယ်ခြင်း၊ ဂိတ်ဘား၊ လေဘားများတည်ဆောက်ခြင်း စသည်တို့ကို ကျပ် ၁၃၀ ဒသမ ၂၂၅သန်းသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြစ်သူငယ်ရေလှောင်တမံမှ ရေကိုသွယ်ယူသည်။ ရေချိုရေသွက်ဖြစ်၏။

ရေစတင်ဖြန့်ဝေ

မြစ်သူငယ်ရေလှောင်တမံ တိုးချဲ့မြို့ရေပေးရေးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက်ကကျင်းပပြီး ကန့်ဘလူမြို့လူထုသို့ မြစ်သူငယ်တမံမှ ရေစတင်ဖြန့်ဝေသည်။ အိမ်ထောင်စု ၅၀၀အတွက် ရေဂါလန် ၄၂၀၀၀ နေ့စဉ်ဖြန့်ဝေပေး၏။ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူတို့အား ရေဂါလန် ၂၄၀၀၀၀ နေ့စဉ် ဖြန့်ဝေနေပေပြီ။

ကန့်ဘလူမြို့သူ မြို့သားများ ‘‘ရေစေး’’ဒုက္ခမှ လွတ်မြောက်ကြပြီဖြစ်သည်။ ရေအခက်ချေဖျက်နိုင်ပြီဖြစ်၍ ‘‘ရေသွက်’’ရရှိနေပြီဖြစ်ပါကြောင်း သတင်းမှတ်စုရေးသား ပေးပို့လိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းထောက်ပံ့

နေပြည်တော် မေ ၇

နေပြည်တော်တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာ မီးဘေးဒုက္ခသည်များအတွက် အိမ်ဆောက်ပစ္စည်းများ၊ ပလတ်စတစ်ရေဘူး၊ ခြင်ထောင်၊ တစ်ကိုယ်ရေ ကျန်းမာရေးသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် တာပေါ်လင်ပလတ်စတစ်စ လှူဒါန်းပွဲကို မေ ၅ရက် ညနေ ၃နာရီက ခရမ်းစပ်ကုန်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်မောင်လှ(ငြိမ်း) နှင့် ကြက်ခြေနီအသင်း ဌာနချုပ် ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးထွန်းထွန်းနှင့် မြို့နယ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ လှူဒါန်းသည့် ပစ္စည်းတန်ဖိုး စုစုပေါင်းမှာငွေကျပ် ၁၄၈သိန်း လှူဒါန်းသွားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

✻ *ကျောဖုံးမှ*

ကလေးများက ပိုမိုစားသုံးသည်ကို လေ့လာတွေ့ရှိရကြောင်း အဆိုပါနိုင်ငံများရှိ သုတေသီများက လေ့လာတင်ပြခဲ့သည်။

နှစ်သက်

ကလေးများသည် ပန်းသီး၊ စတော်ဘယ်ရီနှင့် အစေ့မဲ့ စပျစ်သီးတို့ကို ပိုမိုကြိုက်နှစ်သက်ကြသည်ဟုဆိုသည်။

ညစဉ်ခြောက်နာရီ အိပ်ရေးဝဝအိပ်စက်ပါလျှင် ကျန်းမာ၍ အသက်ရှည်စေနိုင်ဟုဆို

ညစဉ် ခြောက်နာရီထက် လျော့နည်း အိပ်စက်သူများသည် အသက်တိုစေနိုင်ကြောင်း ဗြိတိသျှနှင့် အီတလီ သုတေသနပညာရှင်များက သတိပေးထားသည်။

အသက်တို

ညအခါ အိပ်စက်မှု နာရီနည်းလွန်းသူများသည် ခြောက်နာရီမှ ရှစ်နာရီအတွင်း အိပ်စက်ကြသူများထက် အသက် ၂၅နှစ်ခန့် ပိုတိုစေနိုင်ကြောင်း အဆိုပါ သုတေသီများက ပြောကြားသည်။

စောစီးစွာ

သို့ရာတွင် ညစဉ် ကိုးနာရီထက် ပိုအိပ်ကြသူများသည် ကျန်းမာရေး ချို့ယွင်းကာ နာမကျန်းဖြစ်ပြီး စောစီးစွာ သေဆုံးကြရဖွယ်ရှိကြောင်း ဖြင့်လည်း ၎င်းတို့က သတိပေးထားသည်။ ။

ကိုးကား-အင်တာနက်

အလိမ္မာ စာမှာရှိ

ပါဠိစာပေ အဆင့်မြှင့်တင်ရေး အကြံပြုကော်မတီနှင့် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေ အဆင့်မြှင့်တင်ရေး အကြံပြုကော်မတီနှစ်ရပ် ပူးတွဲညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၇

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့က ကြီးမှူး၍ ပါဠိစာပေ အဆင့်မြှင့်တင်ရေး အကြံပြုကော်မတီနှင့် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေ အဆင့်မြှင့်တင်ရေး အကြံပြုကော်မတီနှစ်ရပ် ပူးတွဲညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သြဝါဒကထာမြွက်ကြား

ရှေးဦးစွာ အစည်းအဝေး သဘာပတိ ပါဠိစာပေအဆင့်မြှင့်တင်ရေး အကြံပြုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမ္မောနန္ဒနှင့် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေ အဆင့်မြှင့်တင်ရေး အကြံပြုကော်မတီဥက္ကဋ္ဌ ပါဠိစာပေအဆင့်မြှင့်တင်ရေး အကြံပြုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသတို့က သြဝါဒကထာမြွက်ကြားတော်မူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သုရဦးမြင့်မောင်က အကြံပြုကော်မတီ နှစ်ရပ်ဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းကိစ္စများကို အကြံပြုလျှောက်ထားသည်။

အကြံပြုဆွေးနွေး

ယင်းနောက်ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေအဆင့်မြှင့်တင်ရေးအကြံပြုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်တော်မူကြသော နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသ၊ အကြံပြုကော်မတီ နှစ်ရပ်အဖွဲ့ဝင် ဆွေ့ ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး) တို့မှ ဒုတိယပါမောက္ခချုပ် ဆရာတော်များ၊ ပါဠိပါမောက္ခ ဆရာတော်များ၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဌာန ဌာနမှူး ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ မဟာဌာနမှူး ဆရာတော်များ၊ ဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး အစည်းအဝေးတွင် သဘာပတိ ဆရာတော်က နိဂုံးချုပ် သြဝါဒကထာ မြွက်ကြားတော်မူသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦး ဆည်ရေသောက်စနစ်တွင် လယ်ကြားမြောင်းတူးဖော်ရန်အတွက် မှာယူထားသော အသေးစားမြေတူးစက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဆည်ရေသောက်စနစ်တွင် လယ်ကြားမြောင်းတူးဖော်ရန် ပြည်ပမှ မှာယူထားသော အသေးစားမြေတူးစက်များရောက်ရှိ

ရန်ကုန် မေ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၁)သို့ ရောက်ရှိပြီး ဆည်ရေသောက်စနစ်တွင် လယ်ကြားမြောင်းတူးဖော်ရန်အတွက် ပြည်ပမှမှာယူထားသော အသေးစားမြေတူးစက်များ (Mini Excavators) ရောက်ရှိမှု၊ မြေတူးစက်များကို သက်ဆိုင်ရာလုပ်ငန်းခွင်သို့ မပေးပို့မီ တပ်ဆင်ပြီးစီးမှု၊ စမ်းသပ်မောင်းနှင်မှုနှင့် စက်၏လုပ်ငန်းစွမ်းဆောင်နိုင်မှုစွမ်းအား၊ စက်များနှင့် ပါရှိလာသော စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

စီမံထား

အဆိုပါ အသေးစားမြေတူးစက်သည် စက်စွမ်းအားမြင်းကောင်ရေ ၂၁ဒသမ၂ ရှိရာ တစ်နာရီလျှင် မြေကြီးနှစ်ကျင်းခန့် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ရောက်ရှိလာသော မြေတူးစက် ၂၅စီးကို မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ဆည်ရေသောက်ဒေသများသို့ စက်စွမ်းအားဖြင့် လယ်ကြားမြောင်းဖောက်လုပ်ရန် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ ဆက်လက်ပေးပို့ရန် စီမံထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တာဂျစ်ကစ္စတန်ကလပ် F.C Vakhsk အသင်းကို ရန်ကုန်လေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

AFC President's Cup 2010 ပြိုင်ပွဲဝင်မည့် တာဂျစ်ကစ္စတန်ကလပ်အသင်းရောက်ရှိ

ရန်ကုန် မေ ၇

ရန်ကုန်မြို့တွင် မေ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် AFC President's Cup 2010 Group Stage (B&C) ပြိုင်ပွဲဝင်မည့် တာဂျစ်ကစ္စတန်ကလပ် F.C Vakhsk အသင်းသည် မေ ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ အဆိုပါကလပ်အသင်းတွင် အဖွဲ့ခေါင်းဆောင်၊ အသင်းမန်နေဂျာနှင့် နည်းပြအဖွဲ့အပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၂၉ ဦး လိုက်ပါလာပြီး တာဂျစ်ကစ္စတန်နိုင်ငံ လက်ရွေးစင်အဆင့် ကစားသမား ကိုးဦးအထိ ပါဝင်ကြောင်း၊ ယင်းအသင်း၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ တာဂျစ်ကစ္စတန်နိုင်ငံ အားကစားဂျာနယ်လစ်များအသင်းဥက္ကဋ္ဌက ထုတ်ဖော်ပြောဆိုသွားသည်။

တာဂျစ်ကစ္စတန်ကလပ်အသင်းသည် အုပ်စု (ခ) တွင် ပါကစ္စတန်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယားကလပ်များနှင့်အတူ ပါဝင်ပြီး ဟိုတယ်ရန်ကုန်၌ တည်းခိုနေထိုင်လျက်ရှိသည်။

ကျင်းပမည်

ယင်းပြိုင်ပွဲ၏ အုပ်စု(ခ) ပွဲစဉ်များကို မေ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မေ ၁၀ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ F.C Vakhsk နှင့် Renown Sports F.C (သီရိလင်္ကာ)၊ အောင်ဆန်းကွင်းတွင် Nagacorp F.C (ကမ္ဘောဒီးယား)နှင့် Kham Research Laboratories F.C (ပါကစ္စတန်)၊ မေ ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ Renown Sports F.C (သီရိလင်္ကာ)နှင့် Nagacorp F.C (ကမ္ဘောဒီးယား)၊ အောင်ဆန်းကွင်း၌ Kham Research Laboratories F.C (ပါကစ္စတန်)နှင့် F.C Vakhsk (တာဂျစ်ကစ္စတန်)၊ မေ ၁၄ရက်တွင် သုဝဏ္ဏကွင်း၌ F.C Vakhsk (တာဂျစ်ကစ္စတန်) နှင့် Nagacorp F.C (ကမ္ဘောဒီးယား)၊ အောင်ဆန်းကွင်း၌ Kham Research Laboratories F.C (ပါကစ္စတန်)နှင့် Renown Sports F.C (သီရိလင်္ကာ)တို့ ကစားမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

မေ ၉ရက်မှ ၁၃ ရက်အထိ သုဝဏ္ဏကွင်းတွင် ညနေ ၄ နာရီ၌ ယှဉ်ပြိုင်ကစားမည့်အုပ်စု(ဂ)တွင် မြန်မာနိုင်ငံကိုယ်စားပြုကလပ်ရတနာပုံအသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် ITTU F.C နှင့် ဘူလ်တန်ကလပ် Drukstars F.C တို့ ပါဝင်ကာ မေ ၉ရက်နေ့တွင် ITTU F.C နှင့် Drukstars F.C၊ ၁၁ရက်တွင် Drukstars F.Cနှင့် ရတနာပုံအသင်း၊ ၁၃ရက်တွင် ရတနာပုံအသင်းနှင့် ITTU F.C တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကွင်းဝင်ကြေးမှာ အထူးတန်း ငွေကျပ် ၁၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ကျင်းပမည်

ရန်ကုန် မေ ၇

IEMS Company Limited သည် အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ Electronics & Living 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

ပြပွဲတွင် Crown Electronics၊ Asahi Electronics ၊ Khi Electronics၊ Aek Electronics၊ Master Power တို့မှ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး Shine Construction မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံအရောင်းပြခန်းများ၊ Lucky Bird ၊ King Empire ၊ KMD ၊ Unique ၊ Micro နှင့် NCTC Computer တို့မှ နောက်ဆုံးပေါ် Projector ၊ Copier ၊ Laptop ၊ Desktop များနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Universal Light ၊ Ocean Glory ၊ Uniteak တို့မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂအမျိုးမျိုး၊ Sm³ ၊ Cho Cho ၊ Technomation Studio တို့မှ ကွန်ပျူတာသုံး Software များ၊ Cannon ၊ Fuji Film နှင့် Pacific တို့မှ ဒစ်ဂျစ်တယ်ကင်မရာများ၊ Concordia မှ Printer များနှင့် Copier များ Tharaphee ၊ Royal Material နှင့် Maruart တို့မှ Korea Liminate Floorနှင့် Materials ပစ္စည်းအမျိုးမျိုး၊ SMART Electronic Dictionary မှ အီလက်ထရွန်နစ် အဘိဓာန်များ၊ Yee Shin Co.,Ltd. မှ Haier တံဆိပ် TV များ၊ Do Co Mo မှ ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Ko Ko Mo Mo မှ Fujitel၊ Reach ၊ Work တံဆိပ် နှစ်နှစ်အာမခံဖုန်းများ၊ Super Rich တံဆိပ် ကိုရီးယားနိုင်ငံထုတ် ထီးနှင့်မိုးကာများ၊ JCJ, JCP တံဆိပ် ထိုင်းနိုင်ငံထုတ် အိမ်သုံးပလတ်စတစ် အမျိုးမျိုး၊ Toshiba Kyaw Win မှ ဂိမ်းစက်အမျိုးမျိုး၊ Future Step မှ Media အမှတ်တံဆိပ် Induction Cooker များ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove များ၊ Amtt မှ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ SP Group မှ Air Pure တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊ ကြိမ်ထိုက်မှ CHINT တံဆိပ် မီးသတ်ဆေးဘူးများနှင့် Electrical ပစ္စည်းအမျိုးမျိုး၊ IEM မှ မီးစက်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ Ever Seiko မှ Denyo တံဆိပ်မီးစက်များနှင့် Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူရေအေးစက်များ၊ Myat Kan Moe Interprise Ltd. မှ T&J ၊ CLIPSAL တံဆိပ် Switch နှင့် Socket ၊ Merlin Gerin တံဆိပ် Breaker များ၊ Telemecanique တံဆိပ် Contactor & Over load Relay များ၊ DIS မှ တံခါးလော့များ၊ MTG မှ ရေစုပ်စက်ပစ္စည်းအမျိုးမျိုး၊ The One PE Tank မှ Korea နိုင်ငံထုတ် ရေတိုင်ကီများ၊ So Lo မှ အာမခံသော့ခလောက်များ၊Ogawa မှ Messanger Chairs အမျိုးမျိုး၊ Moon Fancy မှ ဖုန်းကီးချိန်းနှင့် ဖန်စီပစ္စည်းအမျိုးမျိုး၊ Proven Technology Industry Co.,Ltd. မှ Toyo Battery များ၊ Zaw & Hnin Co.,Ltd. မှ Water Proofing & Construction Chemicals များ၊ Uranus Co., Ltd. မှ MNZ တံဆိပ် နောက်ဆုံးပေါ်ငွေရေစက်များ၊ Revo မှ ဒစ်ဂျစ်တယ်ကတ္တားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် နေ့စဉ်ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၂၄၀၉၁၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဗိမာန်စာမူဆုပြိုင်ပွဲ (၂၀၀၉) အတွက် ဘာသာပြန်စာမူပြဌာန်း

ရန်ကုန် မေ ၇

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန် စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၉ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။

ဝယ်ယူပြန်ဆိုနိုင်

၂၀၀၉ခုနှစ်အတွက် ဘာသာပြန်စာမူအဖြစ် Robert Kunzig & Wallace Broecker ရေးသားသည့် FIXING CLIMATE စာအုပ်မှ Ice Melts, Sea Level Rises; Megadroughts of the Past; The Drying of the Future; and Fixing Climate အခန်းလေးခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း ၅၂၉-၅၃၁ စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး စည်းကမ်းချက်များကို စာပေဗိမာန်စာတည်းဌာနတွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် ငွေကျပ် ၂၀၀ (ငွေသား)ဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။

နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်

ဘာသာပြန်စာမူပြဋ္ဌာန်းစာအုပ်ကို နယ်မှဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀ (ငွေကျပ်ငါးရာတိတိ)ကို ငွေပို့လွှာဖြင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သို့ လိပ်မူ၍ အထက်ပါလိပ်စာအတိုင်း မှာယူနိုင်သည်။ ဘာသာပြန်စာမူကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မေ ၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ရက်က ပခုက္ကူမြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအဖွဲ့ (၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေဝတီတံတား (ပခုက္ကူ)စီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားစီမံကိန်းလုပ်ငန်းအဖွဲ့ (၃)မှ အင်ဂျင်နီယာချုပ်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်လုံခြုံမှုရှိစေရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး တိုင်းမှူးသည် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူးသည် ပခုက္ကူမြို့ ရဲတံခွန်ခန်းမ၌ ပခုက္ကူတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကာ လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် တိုင်းမှူးသည် တပ်ရင်း၊ တပ်ဖွဲ့များသို့ ချီးမြှင့်ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့ပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းပြား-မြေပုံနှင့် မင်းပြား-ပေါက်တောကားလမ်းများ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၉ရက် ညနေပိုင်းက မင်းပြား-မြေပုံကားလမ်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လမ်းဖောက်လုပ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်ရှိ ကျေးရွာများတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မင်းပြား-ပေါက်တော ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် စွန်ရဲတံတားတည်ဆောက်ခြင်းလုပ်ငန်းနေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် စွန်ရဲတံတားဆောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စွန်ရဲတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် မင်းပြား-ပေါက်တောကားလမ်း ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲကျင့်ဝတ်

ရန်ကုန် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ခရိုင်အဆင့်စံပြရဲကျင့်ဝတ်စာမေးပွဲကို မေ ၂ ရက်က အင်းစိန် အလက (၁၀) ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင် ကြည့်ရှုစစ်ဆေးစဉ်။

(၁၁၃)

ညောင်ရေသွန်းပွဲ စည်ကားစွာကျင်းပ

စဉ့်ကူ မေ ၇

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် စိုက်ပျိုးထားသော ဗောဓိညောင်ပင်အား သတ္တမအကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲကို ဧပြီ ၂၇ ရက် ညနေပိုင်းက ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)မှ ကြီးမှူးကျင်းပရာ ဦးဖိုးစီ၊ ဦးစိုးတင့်၊ ဦးထွန်းကြိုင်၊ ဦးစိုးခိုင် ဦးဆောင်သော ဒေသခံများ၊ ဈေးတန်းရပ်ကွက် အမျိုးသား အမျိုးသမီးများက အတီးအမှုတ်၊ အကအခုန်များဖြင့် ညောင်ရေသွန်းလောင်းကြသည်။

(၁၁၃)



မေလအတွင်း ပစ္စည်းများဝယ်ယူသူများအား အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချမည်

ရန်ကုန် မေ ၇

LUCKY BIRD Group of Companies က TOSHIBA Notebook, Copier နှင့် Projector များ၊ Remaco အမှတ်တံဆိပ် Projection Screen များနှင့် USA Brand, Infocus Projector များကို ၂၀၁၀ မေလအတွင်း ပစ္စည်းများ ဝယ်ယူကြသူများအတွက် ကံကောင်းခြင်းများစွာတို့ကို သယ်ဆောင်လာပေးမည့် အထိမ်းအမှတ် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ကံစမ်းမဲ

TOSHIBA Notebook, Copier နှင့် Projector ဝယ်ယူသူများအတွက် ကံစမ်းမဲ အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ထားပြီး ပထမဆု TOSHIBA Notebook၊ ဒုတိယဆု TOSHIBA Washing Machine၊ တတိယဆု TOSHIBA DVD Player နှင့် အခြားတန်ဖိုးရှိ ဆုမဲ (၁၀)မျိုးပါဝင်သည်။

အထူးပရိုမိုးရှင်းကာလကို မေရက်မှ ၃၁ရက်အထိ Toshiba ishop ဆိုင်ကြီးများတွင် ခေတ်မီပေါ့ပါးကာ သယ်ဆောင်ရ လွယ်ကူအသုံးဝင်လှသည့် Toshiba Notebook များ၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် Infocus Projector များ၊ ရုံးလုပ်ငန်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် အထွေထွေအသုံးကျလှသည့် Toshiba e-studio Copier များအပြင် Toshiba Gadgets Accessories များ အားလုံးတို့ကိုလည်း ၁၅ ရာခိုင်နှုန်းနှင့်အထက် လျှော့ချသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

အထူးဆု

ကံစမ်းမဲ အစီအစဉ်အပြင် LUCKY BIRD Showroom များသို့ ပစ္စည်းများလာရောက် ဝယ်ယူအားပေးစဉ် မိမိတို့နှင့်အတူ Visiting Card များ တစ်ပါတည်းပါရှိပါက Data Collection Bowl အတွင်း ထည့်ထားခဲ့ကာ ကံစမ်းနိုင်ကြောင်း၊ ယင်း Visiting Card ကံစမ်းမဲအတွက်လည်း အထူးဆုအနေဖြင့် TOSHIBA အဝတ်လျှော်စက်အပြင် အခြားနှစ်သိမ့်ဆုများစွာကိုလည်း ထည့်သွင်းချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

မေ၂၇ရက်တွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ကံထူးကြသူများအား ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူအားပေးသူများအနေဖြင့် Special Promotion Prize ဖြင့် ရရှိမည့်အပြင် တန်ဖိုးကြီးလက်ဆောင်များပါ ထပ်လောင်းရရှိမည့် အခွင့်အရေးဖြစ်၍ LUCKY BIRD Group of Companies Yangon အမှတ် (၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၃၉၉၀၁၁၊ အမှတ် (၅) ၂၆ လမ်း (၇၈ လမ်းနှင့် ၇၉ လမ်းကြား) ဖုန်း-၀၂-၂၁၅၇၂ မန္တလေးမြို့နှင့် အနောက်မြောက်ထောင့် သပြေကုန်းဈေးနေပြည်တော် ဖုန်း ၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၇-၅-၂၀၁၀

မုံရွာမြို့	၄၃ ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား	၄၂ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ရမည်းသင်းမြို့	၄၂ ဒီဂရီစင်တီဂရိတ်
သာယာဝတီမြို့	၄၂ ဒီဂရီစင်တီဂရိတ်



ပြည်မြို့ နည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

နေပြည်တော် မေ ၇

ပဲခူးတိုင်း(အနောက်ပိုင်း)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပြည်မြို့ နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က အမှာစကားပြောကြားသည်။

ဖြန့်ဝေ

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့မှ တိုင်းဦးစီးမှူး ဦးသိန်းထွဋ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦး **(အပေါ်ပုံ)**တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာနှင့် ရှင်းလင်းပြီး ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

(သတင်းစဉ်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

မြောက်ပိုင်းဒေသများ၌ မိုးရွာဖွယ်

နေပြည်တော် မေ ၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မင်းကင်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ပလက်ဝမြို့တွင် ၀ ဒသမ ၇၅ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ ရွှေဘိုမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ ကလေးမြို့တွင် ၀ဒသမ ၁၆ လက်မ၊ မုံရွာမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၁၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မေလ ဒုတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်အသင်း မိဘပြည်သူများထံ မိတ်ဆက်အပ်နှံ ဒေသခံဘောလုံးပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ နေပြည်တော်အသင်းသားများအား လိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၇

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် နေပြည်တော်ကိုယ်စားပြု နေပြည်တော်ဘောလုံးအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံခြင်းအခမ်းအနားကို မေ ၅ရက် ညနေပိုင်းက နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ဘောလုံးအသင်း နာယကနှင့် အသင်းပိုင်ရှင် ဦးတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း၊ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် နည်းပြများ၊ အားကစားသမားများ၊ ဒေသခံမိဘပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

မိတ်ဆက်ပေး

အခမ်းအနားမစတင်မီ ဖျော်ဖြေရေးအစီအစဉ်များကျင်းပခဲ့ပြီး L လွန်းဝါ၊ နော်နော်၊ L ဆိုင်းဇီနှင့် ရေဗက္ကာဝင်း စသည့်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းနောက်နေပြည်တော်မှမိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲကို ကျင်းပရာ နေပြည်တော်ဘောလုံးအသင်းမှ အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင်များ၊ (က)အသင်းနှင့် (ခ)အသင်းတို့မှ အားကစားသမားများအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ မြို့မိမြို့ဖများနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော်ဘောလုံးအသင်းနာယကနှင့် ပိုင်ရှင်ဦးတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ) နှင့် ဥက္ကဋ္ဌဦးဖြိုးကိုကိုတင့်ဆန်းတို့က နေပြည်တော်ဘောလုံးအသင်းအားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

သရုပ်ပြယှဉ်ပြိုင်ကစား

ဆက်လက်၍ နေပြည်တော်(က)အသင်း နှင့် (ခ)အသင်းတို့ သရုပ်ပြပွဲ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ အဆိုပါ နေပြည်တော်ဘောလုံးအသင်း၏ မိတ်ဆက်အပ်နှံပွဲကို ဒေသခံပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြပြီး အားကစားသမားများက အသင်းအင်္ကျီများ၊ ခေါင်းစည်းများကို ဂါရဝပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

သူတို့ပါဝင်

နေပြည်တော်ဘောလုံးအသင်းတွင် အသင်းနာယကနှင့် ပိုင်ရှင်အဖြစ် ဦးတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဥက္ကဋ္ဌအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)၊ နည်းစနစ်အကြံပေးအဖြစ် ဦးသန်းတိုးအောင် (မြန်မာ့လက်ရွေးစင်အသင်း နည်းစနစ်ဒါရိုက်တာဟောင်း၊ မြန်မာ့လက်ရွေးစင်အသင်း ခေါင်းဆောင်ဟောင်း)၊ နည်းစနစ်ဒါရိုက်တာအဖြစ် ဦးမျိုးဝင်း(မြန်မာ့လူငယ်လက်ရွေးစင်အသင်း နည်းပြချုပ်ဟောင်း၊ မြန်မာ့လက်ရွေးစင်ဟောင်းနှင့် တက္ကသိုလ်လက်ရွေးစင်ဘောလုံးသမားဟောင်း)၊ နည်းပြချုပ်အဖြစ် ဦးဇော်ဝင်း (မြန်မာ့လက်ရွေးစင်ဟောင်း၊ တက္ကသိုလ် လက်ရွေးစင်ဘောလုံးသမားဟောင်း)၊ အုပ်ချုပ်သူအဖြစ် ဦးစန်းလွင်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်မင်းထူး (မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးမင်းကြည် (မြန်မာ့လက်ရွေးစင်ဟောင်း) နှင့် ဦးစောနေဒါ၊ အားကစားသမားများအဖြစ် လာကျဲအိုလွယ် (မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဝေဖြိုးဦး၊ သန်းဇော်ဝင်း၊ သီဟ၊ ဇော်လင်း၊ နေအောင်၊ ဟိန်းဇာထွန်း၊ ညီညီစိုး၊ ထက်အောင်၊ သိန်းဇော်မျိုး (အားလုံး မြန်မာလူငယ်လက်ရွေးစင်ဟောင်း)၊ ချစ်သဲမောင်၊ လတ်ကိုကိုအေး၊ ခိုင်ထူး၊ အောင်မျိုးမင်း၊ ငြိမ်းချမ်း၊ ကျော်ကျော်ချစ်၊ နိုင်ကျော်သူလတ်၊ သုနောင်၊ နေဇော်အောင်၊ အောင်သူရဇော်၊ ကျော်ဆန်းဝင်း၊ ကျော်ဇေယျ၊ ဝေဖြိုးသက်၊ ကျော်ဦး၊ အောင်အောင်၊ အရူနာ(ကင်မရွန်း)၊ ဂျိုနသန်(ဂါနာ)၊ မာတင်(ကင်မရွန်း)နှင့် ဂျိုးဇက်(လိုက်ဘေးရီးယား)တို့ ပါဝင်ကြသည်။

လေးမှတ်ရရှိထား

နေပြည်တော် ဘောလုံးအသင်းသည် စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား ဆောင်ပုဒ်ဖြင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အသင်းတည်ထောင်ထားခြင်းဖြစ်ပြီး လက်ရှိကျင်းပနေသော ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ငါးပွဲကစားအပြီး၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် လေးမှတ်ရရှိထားသည်။ ။ **(မြန်မာ့အလင်း)**

နေပြည်တော် (က) အသင်းနှင့် (ခ) အသင်းတို့ သရုပ်ပြ ကစားကြစဉ်။

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အပူဒဏ်အန္တရာယ်ကာကွယ်ရေး

နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စက်ယန္တရားများ ပံ့ပိုးမှုဖြင့် အမှတ်(၅)ရပ်ကွက်နေ ပြည်သူများ၊ အလှူရှင်များ လှူဒါန်းသော အရှည် ပေ ၇၀၀၊ အကျယ် ၁၂ပေရှိ ကိုယ့်အားကိုယ်ကိုး စိန်တလေးလမ်းတွင် မေ ၂ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သောင်းနှင့် အဖွဲ့ဝင်များ ကတ္တရာခင်းနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၁)

8-5 (12).pmd 1 5/8/2010, 1:48 AM

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်နေ
အရာခံဗိုလ်ထွန်းမြင့်(ငြိမ်း)-ဒေါ်ခင်ခင်စန်း
တို့၏သားထွေး

ဗိုလ်ကြီးပြည့်စိုးထွေး
B.E(Mech),M.E(Aerospace)(MAI)

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ
(ဦးစန်းလွင်)-ဒေါ်ကျင်လွမ်း တို့၏သမီး

မမေသူလွင်
B.Sc(Physics)

တို့သည် ၆-၅-၂၀၁၀ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပြည့်စိုးထွေး-မမေသူလွင်။

ရွှေရတု မင်္ဂလာဆုတောင်း

ဘဝတစ်လျှောက် လူလားမြောက်အောင် သွန်သင်ဆုံးမ လမ်းညွှန်ပြပေးခဲ့သော ဖေဖေ ဦးခင်မောင်(ရေဝတီတိုင်း ထွေ/အုပ်(ငြိမ်း)၊ မေမေ ဒေါ်လုံးတင်(မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်၊ ငြိမ်း)တို့၏ ၈-၅-၂၀၁၀ရက်တွင် ကျရောက်သောနှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘာသာ၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်-

ချစ်သမီးကြီး - ဒေါ်သူဇာခင်(မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းရုံး၊ ပုသိမ်မြို့)
ချစ်သမီးငယ် - ဦးအောင်အောင်-ဒေါ်ပြုံးပြုံးခင်[အထက်တန်းပြ၊ ထ(ခွဲ) အလက(၃)၊ လှိုင်သာယာ]။

ဖခင်အမည်မှန်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အထက သတ္တလမှ မခင်ညိုဝင်း တက္ကသိုလ်ဝင်တန်းဖြေဆို၊ မသန်းသန်းဝင်း Grade-9၊ မောင်နှစ်ဦး Grade-7၊ မပိုင်းပိုင်းသန့် Grade-2 တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၇/ကဝန(နိုင်) ၀၄၀၁၈၀ ဖြစ်ပါသည်။

ဦးမြင့်ရွှေ
၇/ကဝန(နိုင်)၀၄၀၁၈၀။

အမည်ပြောင်း

အဖ ဦးအောင်မြင့်၏သား အထက(၅) ကမာရွတ်၊ (၃)ရပ်ကွက် ပထမတန်း(က)မှ မောင်ခန့်မြတ်သူအား မောင်အာကာလင်းလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အာကာလင်းလင်း။

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု မြေစိုက်ပိုစတာစိုက်ထူ

မိုးကောင်း မေ ၇

(၆၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးမောင်မူ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အရန်မီးသတ် တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် တပ်ဖွဲ့ဝင်များက မေ ၄ရက် နံနက်တွင် မိုးကောင်းမြို့ အောင်ဆန်းလမ်းနှင့် ပြည်ထောင်စုလမ်းထောင့်၌လည်းကောင်း၊ မိုးကောင်းမီးသတ်စခန်းရှေ့၌လည်းကောင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးမြေစိုက်ပိုစတာငါးခုကို စုပေါင်းစိုက်ထူကြသည်။ (၀၀၁)

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ တောင်ကြီး၌ကျင်းပမည်

တောင်ကြီး မေ ၇

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပမည့် (၁၃)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲများကို မေ ၂၉နှင့်၃၀ ရက်များတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို လည်းကောင်း၊ မေ ၃၁ ရက်နှင့် ဇွန် ၁ရက်တွင် တောင်ကြီးကွန်ပျူတာတက္ကသိုလ်၌ ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲများကို ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲများ အားလုံးတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်(တက္ကသိုလ်၊ ကောလိပ်)ဟူ၍ လည်းကောင်း ခွဲခြားထားကြောင်းနှင့် အလွတ်တန်း ပန်းချီ၊ ပိုစတာနှင့်ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်သူများ အနေဖြင့် ပြိုင်ပွဲဝင် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ ဝတ္ထုတိုနှင့် ကိုယ်ရေးအကျဉ်းများနှင့်အတူ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ မူးယစ်ဆေးဝါးပြတိုက် ကျွန်းတောလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့နိုင်ကြောင်း သိရသည်။ **(တောင်ကြီးကိုယ်ပွား)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၇)ရပ်ကွက် သက်ကြီးပူဇော်

ရန်ကုန် မေ ၇

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်ဦးဆောင်မှုဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အသက်(၈၀) အထက် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၈ရက် နံနက် ၈နာရီက (၃၇)ရပ်ကွက်သာသနရက္ခိတမန္တာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အဆိုပါ အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ကြီးက တတိယအကြိမ်မြောက်သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပရခြင်း ရှင်းလင်းတင်ပြပြီး မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက သက်ကြီးဘိုးဘွား ၆၇ဦးအား ဘိုးဘွားတစ်ဦးလျှင် ကန်တော့ခံပစ္စည်းနှင့် အလှူငွေကျပ် တစ်သောင်းငါးထောင်စီဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မေ ၁ရက်က အမက(၁၆) မြောက်ဥက္ကလာပမြို့နယ်၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရာ ကျောင်းသူဟောင်း မရီရီရွှေ(ကံကောင်းစတိုး)နှင့် ညီမများက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆရာဦးကျော်မြင့်ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက် အဆောက်အအုံသစ် နမ္မတူ၌ဖွင့်

နမ္မတူ မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မန်စီကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မြောက်ပိုင်းအလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၄ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်စိုးက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်စန်းက စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်ဖြစ်ရေး ဆွေးနွေးပြောကြားပြီး စာအုပ် ၅၀ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးထွန်းကြားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

လှူဒါန်း

ရန်ကုန်မြို့ သမိုင်း(၁)ရပ်ကွက်နေ ဦးမြင့်စိုး-ဒေါ်တင်တင်လှအုန်း၊ သမီး မယုနှင်းဝေ၊ သား မောင်ရဲထက်နောင်မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင် ဦးတင်ဦးထံ လှူဒါန်းစဉ်။ (၁၀၅)

ရေတာရှည်၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ရေတာရှည် မေ ၇

ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး မိုးဆမ်းပန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲကို ဧပြီ ၄ရက် မွန်းလွဲ ၂နာရီက စာကြည့်တိုက်အဆောက်အအုံသစ်နှင့် မြို့နယ်ရုံးတို့၌ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ရပ်မိရပ်ဖဦးစိုးလွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် ရေတာရှည်မြို့နယ် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန်ပြောကြားသည်။ ဆက်လက်၍ စေတနာငွေအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ပြီး စာအုပ်အလှူရှင်များက စာအုပ်များလှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

နတ်ဖြစ်ရတဲ့ဒုက္ခ ဆက်လက်ပြသ

ရန်ကုန် မေ ၇

ဒါရိုက်တာညွှန့်မြန်မာညီညီအောင်၏ **နတ်ဖြစ်ရတဲ့ဒုက္ခ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဇာတ်လမ်း

မြန်မာဇာတ်ကားသစ် **နတ်ဖြစ်ရတဲ့ဒုက္ခ**နှင့်အပြိုင် နေပြည်တော်ရုံတွင် နတ်စစ်ပွဲဇာတ်ကား **Clash of the Titans** ရုံဝင်လာသည်။ ဇာတ်လမ်းမှာ အိုလံပစ်တောင်ပေါ်တွင် စူးစံသည် နတ်အားလုံး၏ဘုရင် နတ်မင်းကြီးဖြစ်ပြီး ၎င်း၏ညီတော် ပိုဆိုင်ဒွန်မှာ ရေနတ်သားဖြစ်ကာ အငယ်ဆုံးညီဟေးဒီးစ်က ယမမင်း ဖြစ်သည်။

တံငါသည်ကြီး စပိုင်းရိုးစ်က ပင်လယ်ထဲတွင် မျောပါလာသော ခေါင်းတလားကို ဆယ်ယူပြီး အဖုံးဖွင့်ကြည့်ရာ အသက်ရှင်နေဆဲ ကလေးငယ် ပါစီးယပ်နှင့် ၎င်း၏မိခင်အလောင်းကို တွေ့ရသည်။ စပိုင်းရိုးစ်က ပါစီးယပ်ကို သားအရင်းပမာ မွေးစားထားသည်။

နှစ်ပေါင်းများစွာ ကြာသောအခါ အာဂို့စ်ပြည်မှ စစ်သားများက ဇူးစ်ရုပ်တုကို ဖျက်ဆီးကာ နတ်များကို စစ်ကြေညာသည်။ ထိုအချိန်မှစတင်ကာ ယမမင်းဟေးဒီးစ်နှင့် စစ်သားများ သူနိုင် ကိုယ်နိုင် တိုက်ခိုက်ကြရာ ပါစီးယပ်ကြောင့် စစ်သားများက နတ်များအား အနိုင်ရလိုက်ပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် **The Wolfman** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

ဝါဆိုဖယောင်းတိုင်

ဒါရိုက်တာမိုက်တီး၏ **ဝါဆိုဖယောင်းတိုင်**မှာ မြို့လယ်ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရေဝတီရုံများတွင် ပြသနေပြီး **ရှော့ရှိတဲ့အချစ်များ** ဇာတ်ကားမှာ ရွှေမန်းနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် အိန္ဒိယတောင်ပိုင်းနာမည်ကြီးမင်းသားဗီဂျေးနှင့် မင်းသမီးချော သရီသျှားတို့၏ မလေးရှားနောက်ခံအက်ရှင်ဇာတ်ကား **Kuruvi** ရုံဝင်လာသည်။ ဘုရင့်ရုံတွင် အမီတာဘဂျန်း၊ အက်ရှေးကူးမားနှင့် အက်ရှ်ဝါယာရိုင်းတို့ ပါဝင်ထားသည့် **Khakee** ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)



နတ်ဖြစ်ရတဲ့ဒုက္ခမှ ရန်အောင်နှင့် စိုးမြတ်သူဇာတို့၏ သရုပ်ဆောင်ဟန်။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ရီရဲထက်ဦးအောင် ပါတိုအားခေါ်ယူရေး ချယ်လ်ဆီးစီစဉ်

စီးရီးအေအသင်း အေစီမီလန်မှ ဘရာဇီးကြယ်ပွင့် ပါတိုအား စာချုပ်ခေါ်ယူရေးတွင် ရီရဲမက်ဒရစ်အား နောက်ကောက်ချထားရန် ချယ်လ်ဆီးအသင်းက စီစဉ်နေသည်။

ချန်ပီယံလိဂ်ဝင်ခွင့်မရပါက အနာဂတ်ကိုမသိရသေးဟု မန်စီနီဖွင့်ဟ

ယခုရာသီတွင် မန်စီးတီးအသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကြိုးပမ်းမှု မအောင်မြင်သည့်အတွက် လာမည့်ရာသီတွင် မန်စီးတီး၌ မိမိ၏အနာဂတ် ရေရာမှု မရှိသေးကြောင်း နည်းပြမန်စီနီက ဖွင့်ဟပြောကြားသည်။

ဘင်နီတက်ဇ်အား ဂျူဗင်းတပ်စ် တရားဝင်ကမ်းလှမ်းမည်

ပြီးခဲ့သည့် မေ ၂ ရက်က အိမ်ကွင်းအန်ဖီးလ်၌ ချယ်လ်ဆီးကိုရှုံးနိမ့်ခဲ့သော လီဗာပူးအသင်းနည်းပြ ရာလ်ဖေးဘင်နီတက်ဇ်အား စီးရီးအေအသင်း ဂျူဗင်းတပ်စ်က တရားဝင် ကမ်းလှမ်းမှုပြုလုပ်မည်ဟု ဆိုသည်။

မော်ရင်ဟို ရီရဲသို့ပြောင်းဖြစ်ပါက လမ်းပတ်အားခေါ်ယူဖွယ်

ပေါ်တူဂီလူမျိုးနည်းပြ ဂျို့စ်မော်ရင်ဟိုသည် ယခုနွေရာသီတွင် အင်တာမီလန်အသင်းမှ ရီရဲမက်ဒရစ်သို့ထွက်ခွာခဲ့ပါက ချယ်လ်ဆီးမှ လမ်းပတ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ပေး ခေါ်ယူဖွယ်ရှိသည်။

ဘာကာသို့ ဒေးဗစ်ဗီလာ ပြောင်းရွှေ့လာဖွယ်ရှိ

ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာသည် ၎င်းအားမန်ယူနှင့် ချယ်လ်ဆီးတို့က ခေါ်ယူလိုကြလင့်ကစား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ဘာစီလိုနာသို့သာ ပြောင်းရွှေ့ဖွယ်ရှိသည်။

စီရိုနယ်ဒိုအား ပေါင်သန်း ၆၀ ဖြင့် ဖာဂူဆန်ခေါ်ယူမည်

မန်ယူနည်းပြ ဖာဂူဆန်က ၎င်းအနေဖြင့် ပေါင်သန်း ၆၀ ပေး စာချုပ်ခေါ်ယူဖြစ်မည့် တစ်ဦးတည်းသောကစားသမားမှာ မန်ယူကြယ်ပွင့်ဟောင်း စီရိုနယ်ဒိုဖြစ်ကြောင်း ဖွင့်ဟပြောကြားသည်။ မန်ယူသည် ထိုအတောအတွင်း ချယ်လ်ဆီးမှ ဂျိုးကိုးလ်နှင့် အဲဗာတန်အသင်းမှ စတီဗင်ပီယင်နာတို့ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ခေါ်ယူရန် အကဲခတ်နေသည်။

ဂျိုးကိုးလ် ချယ်လ်ဆီးမှထွက်ခွာပါက ဝက်စ်ဟမ်းခေါ်ယူမည်

ယခု နွေရာသီတွင် ဝက်စ်ဟမ်းလူငယ်အကယ်ဒမီဘောလုံးကျောင်းထွက် ဂျိုးကိုးလ်အနေဖြင့် ချယ်လ်ဆီးမှ ထွက်ခွာမည်ဆိုပါက ဝက်စ်ဟမ်းက ၎င်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းစာချုပ် ခေါ်ယူမည်ဟု ဆိုသည်။

ဗလင်စီယာမှ ဟာနန်ဒက်ဇ်အား ချယ်လ်ဆီး မျက်စိကျ

ချယ်လ်ဆီးအသင်းသည် စပိန်လာလီဂါအသင်း ဗလင်စီယာမှ အသက် ၂၅နှစ်ရှိ စပိန်တောင်ပံကစားသမား ပါဘလိုဟာနန်ဒက်ဇ်အား ပေါင် ၁၈ သန်းဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် မျက်စိကျနေကြောင်း၊ ၎င်းအား နယူးကာဆယ်ကလည်း ခေါ်ယူလိုကြောင်း သိရသည်။

နွေရာသီတွင် ကစားသမားငါးဦး ဝင်းဂါးခေါ်ယူလို

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ယခုနွေရာသီတွင် ဝက်စ်ဟမ်းကွင်းလယ်မှ စကော့ပါကာ၊ မန်စီးတီးဂိုးသမား ဂျိုးဟတ်၊ ဗဟိုခံစစ်မှူးများဖြစ်ကြသည့် ဖူလ်ဟမ်မှ ဘရီဒီဟန်ဂီလန်၊ ဘော်လ်တန်မှ ရီကာဟေးလ်နှင့် အက်စ်တွန်ဗီလာမှ ဂျိမ်းစ်မီလ်နာတို့အား ခေါ်ယူလိုသည်ဟု ဆိုသည်။

မန်စီးတီးအသင်းအား မာ့ခ်ဟုချ် ပြန်ကိုင်တွယ်စေလို

မန်စီးတီးအသင်း၏ အဓိကကစားသမားများက အသင်းကို နည်းပြဟောင်း မာ့ခ်ဟုချ် ပြန်လည်ကိုင်တွယ် နည်းပြစေလိုသည့်ဆန္ဒ ပြင်းပြနေကြကြောင်း မန်စီးတီးအသင်း၏ ကာယနည်းပြ ရေမွန်ဗာဟီဂျင်က ပြောကြားသည်။

အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဝိုဇနီယက်စကီရှုံးပွဲကြုံ

အီတလီ အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် တတိယအဆင့်ပတ်လည်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၂) ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝိုဇနီယက်စကီသည် ပြိုင်ဘက် တင်းနစ်မယ် မာရီယာဂျို့စ်မာတီနက်ဇ်ဆန်ချက်ဇ်အား ၄-၆၊ ၂-၆ ဖြင့် ရှုံးနိမ့်ခဲ့သည်။

အီစထရိုရှ်င်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲယာ နိုင်ပွဲရရှိ

ပေါ်တူဂီနိုင်ငံ၌ကျင်းပသော အီစထရိုရှ်င်း အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယာသည် ၎င်း၏ မြေမာကွင်း ပထမဦးဆုံးနိုင်ပွဲအဖြစ် ပြိုင်ဘက် ဂျာမနီတင်းနစ်ကစားသမား ဘီဂျွန်းဖာအူးလ်အား ၆-၃၊ ၆-၄ ဖြင့် သက်သောင့်သက်သာ နိုင်ပွဲရရှိခဲ့သည်။

ကမ္ဘာ့အဆင့်မှ မလျော့ကျရေး တိုက်ဂါးဝုဒ် ပြင်ဆင်နေရ

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်က ၎င်း၏အခြေအနေအရ ကမ္ဘာ့အဆင့်(၁)နေရာကို ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်(၁)မှ မလျော့ကျစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ။

စပိန် လာလီဂါ၌ စီရိုနယ်ဒို ပထမဆုံးဟက်ထရစ်သွင်းယူနိုင် ရီရဲတို့ လက်ရှိချန်ပီယံ ဘာကာကို ဆက်လက်ဖိအားပေးနေဆဲ

ရေးသူ ➤ မြင့်မောင်စိုး | ဇော်ထွန်းဦး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မက်ဒရစ် မေ ၇

စပိန်လာလီဂါတွင် အမှတ်ပေးဇယား ဒုတိယနေရာမှ ရီရဲမက်ဒရစ်က ထိပ်ဆုံးမှဘာကာကို ဖိအားပေးနေသဖြင့် နောက်ဆုံးကစားရန် ကျန်ရှိနေသော လက်ကျန်နှစ်ပွဲမှာ ပရိသတ်များအကြိုက်တွေ့စေမည့် ပွဲစဉ်များပင်ဖြစ်သည်။

မေ ၅ ရက် ညပိုင်းက ပွဲစဉ်(၃၆)အဖြစ် ယှဉ်ပြိုင်ကစားကြရာတွင် ရီရဲမက်ဒရစ်က မာလော့ကာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဘာကာကို ဖိအားပေးလိုက်သည်။

ဟက်ထရစ်ဂိုး

ယင်းပြိုင်ပွဲတွင် ရီရဲမက်ဒရစ်ကြယ်ပွင့် စီရိုနယ်ဒိုက လာလီဂါ၌ ပထမဆုံး ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုသည်ပွဲချိန် ၂၆ မိနစ်၊ ၅၇ မိနစ်နှင့် ၇၂ မိနစ်တို့တွင် သုံးဂိုး သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ မာလော့ကာအတွက် ချေပဂိုးကို အဒူရစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ရီရဲမက်ဒရစ်အတွက် စတုတ္ထဂိုးကို ဂွန်ဇာလိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

ရီရဲတို့ ယင်းနိုင်ပွဲကြောင့် ချန်ပီယံဘာကာကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ထိပ်ဆုံးမှ ဘာကာကို မီရန် တစ်မှတ်သာလိုသည်။ ပွဲစဉ်(၃၆)အပြီး ဘာကာက ၉၃ မှတ်၊ ရီရဲက ၉၂ မှတ် ရထားသည်။

အဟန့်အတား

စပိန်လာလီဂါပွဲကစားရန် လက်ကျန်ပွဲ နှစ်ပွဲသာရှိတော့သည်။ မေ ၈ရက် **(ယနေ့)** ညပိုင်းတွင် ရီရဲမက်ဒရစ်က ဘီလ်ဘာအိုအသင်းကို လက်ခံကစားရမည်ဖြစ်သည်။ ထိုနေ့တွင် ဘာကာက ဆီဗီလာအိမ်ကွင်းသို့ သွားရောက်ကစားရမည် ဖြစ်သည်။ ယင်းပွဲစဉ်တွင် ရီရဲမက်ဒရစ်တို့ အိမ်ကွင်း၌ဘီလ်ဘာအိုအသင်းကို နိုင်ခြေရှိသော်လည်း ဘာကာအနေဖြင့် ဆီဗီလာအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဘာကာအတွက် လက်ရှိချန်ပီယံဖလားကို ဆက်ထိန်းရန် အဟန့်အတား တစ်ခု ဖြစ်လာဖွယ်ရှိသည်။

အကြိတ်အနယ်

နောက်ဆုံးပွဲစဉ်အဖြစ် ကစားမည့် မေ ၁၆ရက်တွင် ဘာကာက အိမ်ကွင်း၌ ဗယ်လာဒိုးလစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗယ်လာဒိုးလစ်တို့ အနေဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် အဓိက အရေးပါသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်၍ အကြိတ်အနယ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

အနေအထား

ထိုနည်းတူစွာပင် မေ ၁၆ရက်တွင် ရီရဲမက်ဒရစ်က မာလာဂါ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ရီရဲမက်ဒရစ်တို့အနေဖြင့် ယင်းပြိုင်ပွဲတွင် အနိုင်ကစားနိုင်မည့် အနေအထားရှိသည်။

စပိန်လာလီဂါ လက်ကျန်နှစ်ပွဲတွင် လက်ရှိချန်ပီယံဘာကာနှင့် ရီရဲမက်ဒရစ်တို့၏ အားပြိုင်မှုမှာ အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်၍ အမှားခံကြမည် မဟုတ်ပေ။ သို့သော်လည်း ဘာကာတို့ နှစ်ပွဲစလုံး ဆက်တိုက်အနိုင်ရပါက စပိန်လာလီဂါ ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ဘဲ သရေပွဲနှင့်ကြုံတွေ့ခဲ့ရပါက ရီရဲမက်ဒရစ်တို့ ဖလားဆွတ်ခူးနိုင်မည့် အနေအထားရှိသည်။ အထူးသဖြင့် ဘာကာတို့ လက်ကျန်နှစ်ပွဲအနက် ဆီဗီလာကို အနိုင်ကစားရန် မလွယ်ကူပေ။ ဆီဗီလာအသင်းသည် ခြေစွမ်းရှိသည့်

အသင်းပီပီ အိမ်ကွင်း၌ ဘာကာကို ကောင်းကောင်း ဒုက္ခပေးလာနိုင်သည်။

မည်သို့ပင်ရှိစေကာမူ လာမည့်လာလီဂါလက်ကျန်နှစ်ပွဲတွင် ရီရဲမက်ဒရစ်က ဘာကာကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သကဲ့သို့ လာလီဂါ ဘောလုံးဝါသနာအိုးများအနေဖြင့်လည်း ပွဲကြီးပွဲကောင်းများ ကြည့်ရှုရပေဦးမည်ဖြစ်သည်။ ။ **ကိုးကား-အင်တာနက်**

ချန်ပီယံလိဂ်နေရာအတွက် မန်စီးတီးကိုနိုင်ပြီး စပါးအောင်ပွဲခံ

လန်ဒန် မေ ၇

ပရီမီယာလိဂ် လက်ကျန်ပွဲများကို မေ ၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးက မန်စီးတီးအိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ချန်ပီယံလိဂ် ဝင်ခွင့် ရရှိသွားပြီဖြစ်သည်။ စပါးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ပီတာခရောက်ချ်က ပွဲချိန် ၈၂မိနစ်တွင် ခေါင်းတိုက်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** စပါးတို့ ယင်းအနိုင်ပွဲကြောင့် ၃၇ပွဲ ကစားအပြီး ရမှတ်၇၀ ဖြင့် အမှတ်ပေးဇယား နံပါတ်(၄)နေရာကို ရရှိခဲ့ခြင်း ဖြစ်သည်။ မန်စီးတီးက ၃၇ပွဲ ကစားအပြီး ရမှတ် ၆၆မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

ခံစစ်မှူး အီးဗန်းစ်အား မန်ယူ နှစ်ရှည်စာချုပ်မည်

လန်ဒန် မေ ၇

မြောက်အိုင်ယာလန် နောက်တန်းကစားသမား ဂျွန်အီးဗန်းစ်အား မန်ယူက နှစ်ရှည် စာချုပ်ခေါ်ယူရန် သဘောတူလိုက်ပြီဖြစ်ကြောင်း နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။ အီးဗန်းစ်အား မန်ယူက ဆန်းဒါးလန်းမှ အငှားစာချုပ်ခေါ်ယူထားခြင်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သော ဘောလုံးရာသီ နှစ်ရာသီအတွင်း မန်ယူ၏ အဓိက အားထားရသော ခံစစ်မှူး ဖြစ်လာသည်။

အီးဗန်းစ်သည် ဖာဒီနန်၏ နေရာတွင် အကောင်းဆုံးကစားနိုင်သည့် ခံစစ်မှူးလည်း ဖြစ်လာသည်။ (အင်တာနက်)

အာကာကျော် စုစည်းရေးသားသည်

ချန်ပီယံလိဂ် ဗိုလ်လုပွဲနှင့် ရစ်ဘာရီလွဲချော်

မြူးနစ် မေ ၇

ကွင်းလယ်ကစားသမား ရစ်ဘာရီအား ချန်ပီယံလိဂ်ပြိုင်ပွဲသုံးပွဲ ပယ်ထားခြင်းကို ဘိုင်ယန်မြူးနစ်က အယူခံဝင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် ပါဝင် ကစားခွင့် ရတော့မည်မဟုတ်ကြောင်း ယင်းကလပ်က ပြောကြားသည်။

ပိတ်ပင်ခံရ

ပြင်သစ်ကွင်းလယ်ကစားသမား ရစ်ဘာရီသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲအဖြစ် လိုင်ယွန်နှင့် ကစားစဉ် လီဆန်ဒရိုလိုပက်ဇ်အား ကြမ်းတမ်းစွာ ကစားမိခဲ့၍ သုံးပွဲ အပယ်ခံရခြင်း ဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို မေ၂၂ရက်တွင် မက်ဒရစ်မြို့၌ အင်တာမီလန်နှင့် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ရစ်ဘာရီသည် လာမည့်နှစ် ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်အထိ ပိတ်ပင်ခံရမည်ဖြစ်သည်။ (အင်တာနက်)

အီတလီစီးရီးအေ ရိုးမားနှင့်အင်တာ ဆက်လက်အားပြိုင်ဆဲ

ရောမ မေ ၇

အီတလီစီးရီးအေ ပွဲစဉ်(၃၆)ပြိုင်ပွဲများကို မေ ၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားအပြီး ချန်ပီယံအင်တာမီလန်အသင်းကို ရိုးမားအသင်းက ဖိအားပေးလျက်ရှိသည်။ ထိုနေ့ညက ရိုးမားက ပါးမားအိမ်ကွင်းသို့ သွားရောက်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ရိုးမားတို့ ယင်းအနိုင်ပွဲကြောင့် ရမှတ် ၇၄မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

သို့သော် အင်တာမီလန်ကလာဇီယိုအိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဆက်လက် အောင်လံလွှင့်ထူလျက်ရှိသည်။ အင်တာမီလန်တို့ ပွဲစဉ်(၃၆) အပြီး ရမှတ် ၇၆မှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။ အင်တာမီလန်နှင့် ရိုးမားတို့ ပွဲတူနှစ်မှတ်အကွာဖြင့် ဆက်လက်အားပြိုင်နေဆဲဖြစ်သည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရေစစ်ကန်နှင့် ရေစုကန်။

ရေချိုရေသွက် ကန့်ဘလူအတွက် စည်ပင်သာယာဖြန့်ဝေ မြစ်သူငယ်တမံရေ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ➤ သတင်းထောက် မိုးမြင့် (ကန့်ဘလူ)

စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ကန့်ဘလူ မေ ၇

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့သည် မန္တလေး-မြစ်ကြီးနား ရထားလမ်းမ၊ ဧရာဝတီမြစ်နှင့် မူးမြစ်အကြားရှိ မင်းဝံတောင်ကြော ကုန်းမြင့်ဒေသ၌ တည်ရှိသည်။ ရပ်ကွက် ငါးရပ်ကွက်၊ အိမ်ခြေ သုံးထောင်ကျော်ရှိပြီး လူဦးရေ ၂၅၀၀၀ကျော်နေထိုင်သည်။ ဒေသအစဉ်အလာမိရိုးဖလာအရ ကန်ရေ၊ တွင်းရေတို့ကို သောက်သုံးကြရသည်။

တပ်ဆင်သွယ်တန်း

''မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်'' ဆောင်ပုဒ်နှင့်အညီ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကန့်ဘလူမြို့အတွင်း ရေပေးဝေနိုင်ရန် ၂၀၀၆-၂၀၀၇ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၅ ❍

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ ➤ စုစည်းတင်ပြသည်

သစ်သီးလှလှ ကလေးများစားသုံးချင်ကြ

နယ်သာလန် မေ ၇

သစ်သီးဝလံများလှပအောင် လှီးပေးပါလျှင် ကလေးများ ပို၍ စားသောက်ကြကြောင်း သုတေသီများက လေ့လာ တင်ပြထားသည်။

ပုံစံလှလှပပ

နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ကလေး ၁၀၀ ခန့်အား သစ်သီးဝလံများကို ပုံစံအမျိုးမျိုးပြုလုပ်ကျွေးခဲ့ရာ ပုံစံလှလှပပ လှီးဖြတ်ထားသော သစ်သီးဝလံများကို စာမျက်နှာ ၉ ကော်လံ ၆ ✻

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ကျွန်တော်တို့သည် အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြသော မိဘဘိုးဘွား၊ ဆရာသမား၊ ရဲဘော်ရဲဘက်တို့၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေကြရပါမည်။ ကျွန်တော်တို့ကိုယ်တိုင် အမြင့်မြတ်ဆုံးသော ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်သူများ ဖြစ်စေရန် ကြိုးစားအားထုတ်ကြရပါမည်။

ငါးမင်းဆွေ၏ ဆောင်းပါး (စာ ၈-၉)